ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်၊ သောကြာနေ့ (6-4-2012) (၇၀၈၇)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အကြိမ်(၂၀)မြောက် အာဆီယံထိပ်သီး သီးသန့်အစည်းအဝေးသို့ တက်ရောက်

နေပြည်တော် ဧပြီ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဧပြီ ၄ ရက် နံနက် ၉ နာရီတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ Peace Palace တတိယထပ် Champei Room ၌ ကျင်းပသည့် အကြိမ်(၂၀)မြောက် အာဆီယံထိပ်သီး သီးသန့်အစည်းအဝေးသို့ တက်ရောက်သည်။

အဆိုပါ အစည်းအဝေးသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင် ဆူလ်တန်ဟာဂျီဟာဆာနာလ်ဘိုကီးယား မူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

စာမျက်နှာ ၈ ကော်လံ ၁ သို့

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ ဖနောင်ပင်မြို့ရှိ Peace Palace တတိယထပ် Champei Room ၌ ကျင်းပသည့် အကြိမ်(၂၀)မြောက် အာဆီယံထိပ်သီး သီးသန့်အစည်းအဝေးသို့ တက်ရောက်ကြစဉ်။
(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အကြိမ်(၂၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးပိတ်ပွဲသို့ တက်ရောက်

နေပြည်တော် ဧပြီ ၅

အကြိမ်(၂၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးပိတ်ပွဲကို ဧပြီ ၄ ရက် နံနက် ၁၁ နာရီခွဲတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ Peace Palace တတိယထပ် Champa Room ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်သည်။

အစည်းအဝေးပိတ်ပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင် ဆူလ်တန်ဟာဂျီဟာဆာနာလ်ဘိုကီးယား မူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတ ဒေါက်တာဘူဒီအိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ မိုဟာမက်နာဂျစ် ဘင်တွန်း ဟာဂျီ အဗ္ဗဒူရာဇတ်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘီနင်နိုအကွီနို၊ စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လတ်ရှင်နာဝပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းတို့နှင့် ✳

စာမျက်နှာ ၉ ကော်လံ ၁ သို့

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖနောင်ပင်မြို့ရှိ Peace Palace တတိယထပ် Champa Room ၌ ကျင်းပသည့် အကြိမ်(၂၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးပိတ်ပွဲသို့ တက်ရောက်စဉ်။
(သတင်းစဉ်)

ကြေးမုံစာတည်းရှထောင့် ၆-၄-၂၀၁၂(သောကြာနေ့)။

ထိရောက်သောကြပ်မတ်မှု စည်းကြပ်မှု

များမကြာမီရက်ပိုင်းအတွင်းက ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာများ ထုတ်ပြန်ကြေညာခဲ့သည်ကို တွေ့မြင်ကြားသိခဲ့ရသည်။ အဆိုပါကုန်သွယ်လုပ်ငန်းခွန်တွင် ကုန်စည် ၁၈ မျိုး ကြေညာထားရာ ကုန်စည်အားလုံးသည် အများပြည်သူအကျိုးအတွက် ရှေးရှုထုတ်ပြန်ထားသည်ကို တွေ့ရသည်။

အဆိုပါကြေညာချက်နှင့် အကျုံးဝင်သောပစ္စည်း ၁၈ မျိုးကို လေ့လာကြည့်ရာ၌ ဆေးလိပ်၊ဆေးရွက်ကြီးနှင့် မူးယစ်စေတတ်သော ပစ္စည်း ၁၀ မျိုး၊ သဘာဝသယံဇာတပစ္စည်း သုံးမျိုးနှင့် လူသုံးယာဉ်နှင့်စက်သုံးဆီဆိုင်ရာ ပစ္စည်း ငါးမျိုးပါဝင်သည်ကို တွေ့ရမည်ဖြစ်သည်။ အဆိုပါပစ္စည်းများအနက် ပထမအုပ်စုတွင်ပါဝင်သည့် ဆေးလိပ်နှင့် ဆေးရွက်ကြီးပစ္စည်း ခုနစ်မျိုးအတွက် ကုန်သွယ်ခွန်ကို မြင့်တင်သတ်မှတ်ထားသည်ကို တွေ့ရပေသည်။ ထိုပစ္စည်းခုနစ်မျိုးသည် သဘာဝပတ်ဝန်းကျင်နှင့် အများပြည်သူကျန်းမာရေးကို ထိခိုက်စေနိုင်သောပစ္စည်းများဖြစ်၍ ကုန်သွယ်ခွန်တိုးမြှင့်ထားခြင်းမှာ လျော်ကန်သင့်မြတ်လှပေသည်။

ကျန်သုံးမျိုးဖြစ်သည့် အရက်၊ ဘီယာ၊ ဝိုင်ဟူသည့် ယစ်မျိုးငါးပါးဝင်ပစ္စည်းများမှာလည်း ဆေးလိပ်နှင့် ဆေးရွက်ကြီးကဲ့သို့ပင် လူမှုဘဝနယ်ပယ်၌ သတိပြုဆင်ခြင်ရမည့် ပစ္စည်းအဖြစ်ပါဝင်ပေသည်။ ယခင်က အဆိုပါပစ္စည်းများမှာ တန်ဖိုးအရသော်လည်းကောင်း၊ စည်းကမ်းသတ်မှတ်ချက်အရသော်လည်းကောင်း လွယ်လင့်တကူအသုံးမပြုနိုင်သည့်ပစ္စည်းဖြစ်၍ မဆိုသာသော်လည်း ယခုအခါ နယ်ပယ်အသီးသီးတွင် တွင်တွင်ကျယ်ကျယ် လွယ်လင့်တကူသုံးစွဲလာသည်ကို တွေ့ရပေသည်။ ထို့ကြောင့် သတိပြုရမည့် ဘေးထွက်ဆိုးကျိုးရှိသောပစ္စည်းအဖြစ် လူမှုရေးရှုထောင့်မှဖြစ်စေ၊ ကျန်းမာရေး ရှုထောင့်မှဖြစ်စေ နှိုးဆော်အသိပေးလျက်ရှိသည်။

အများပြည်သူအတွက် နောက်ဆက်တွဲဆိုးကျိုးရှိသည့် လူသုံးကုန်ပစ္စည်းများအား အမျိုးသားအကျိုးစီးပွားကို ရှေ့တန်းတင်ဆောင်ရွက်ခြင်းသည် သဘာဝကျပါသည်။ ဆေးလိပ်နှင့်ဆေးရွက်ကြီး ခုနစ်မျိုးတွင် သဘာဝပတ်ဝန်းကျင်နှင့် အများပြည်သူကျန်းမာရေးရှုထောင့်ကို ထည့်သွင်းတွက်ချက်ရပေသည်။ ဆေးလိပ်နှင့်ဆေးရွက်ကြီးတွင် ပတ်ဝန်းကျင်နှင့် ကျန်းမာရေးအရ ထိခိုက်မှုရှိသော်လည်း နောက်ဆက်တွဲဆိုးကျိုးအရ ငွေကုန်ကြေးကျများခြင်းသာ ရှိပေသည်။

ယစ်မျိုးငါးပါးတွင် အပါအဝင်ဖြစ်သော အရက်၊ ဘီယာ၊ ဝိုင်စသည့် မူးယစ်စေသောသေရည်တို့၏ နောက်ဆက်တွဲဆိုးကျိုးမှာ ယခုအခါ အောက်ခြေလူမှုဝန်းကျင်တွင် ပိုမိုကျယ်ပြန့်စိမ့်ဝင်လာသဖြင့် အမျိုးသားစာရိတ္တမဏ္ဍိုင်ခိုင်ကျည်ရေးအတွက် အထူးသတိပြုရမည့်အချက် ဖြစ်လာပေသည်။ ယနေ့ဝိုင်နှင့် ဘီယာမှာ အမျိုးသားလူငယ်လူရွယ်များတွင်သာမက အမျိုးသမီးငယ်များတွင်ပါ ကူးစက်လာသည်ကို တွေ့ရပေသည်။ ထို့အပြင် အရက်၏နောက်ဆက်တွဲဆိုးကျိုးကြောင့် ဖြစ်ပွားရသော ရာဇဝတ်မှုများ၊ အရက်ကြောင့် စိတ်ပိုင်းဆိုင်ရာချို့ယွင်းမှုများ၊ ကျန်းမာရေးထိခိုက်မှုများကြောင့် လူညွှန့်မတုံးသင့်ဘဲ တုံးခဲ့ရသော၊ ဘဝမပျက်သင့်ဘဲ ပျက်ခဲ့ရသော၊ ဘဝမဆုံးသင့်ဘဲဆုံးခဲ့ရသော လူ့အရင်းအမြစ်များမှာ လူမှုဘဝနယ်ပယ်တွင် မတွေ့သင့်ဘဲ တွေ့နေရသောမြင်ကွင်းများဖြစ်လာပေသည်။

သို့ဖြစ်ရာ စည်းကြပ်ရမည့် စီးပွားရေးလုပ်ငန်းများတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးအပါအဝင် အမျိုးသားစာရိတ္တမဏ္ဍိုင်နှင့် လူ့အရင်းအမြစ်များ လေလွင့်ဆုံးရှုံးမှုကိုဖြစ်ပေါ်စေသည့် အရက်၊ ဘီယာ၊ ဝိုင်တို့ကိုပါ ထိရောက်သော ကြပ်မတ်မှု၊ စည်းကြပ်မှုများဖြင့် ဆက်လက်တိုးမြှင့်ဆောင်ရွက်သင့်ပါကြောင်း ထပ်လောင်းအသိပေးလိုက်ရပါသည်။ ။

ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် လက်မှတ်ရေးထိုးပွဲ ကျင်းပ

နေပြည်တော် ဧပြီ ၅

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မလေးရှားနိုင်ငံ Petronas Carigali Myanmar Inc. နှင့် မြန်မာတိုင်းရင်းသားပိုင်ကုမ္ပဏီဖြစ်သည့် UNOG Pte., Ltd. တို့သည် ကုန်းပိုင်းလုပ်ကွက် RSF-2 (တူရွင်းတောင် မြိုင်တောင်ဒေသ)နှင့် RSF-3 (ငွေးချို-ငရှန်တောင်ဒေသ)၏ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ကို ဧပြီ ၄ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ လက်မှတ်ရေးထိုးချုပ်ဆိုကြသည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အဖွဲ့ဝင်များဖြစ်သော ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် တွဲဖက်အတွင်းရေးမှူး ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ Petronas Carigali Myanmar Inc. Vice President & CEO Mr. Effendy Cheng Abdullah၊ UNOG Pte., Ltd. Chairman ဦးနေအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက အဖွင့်အမှာစကား ပြောကြားပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ထူးနှင့် Petronas Carigali Myanmar Inc. ၏ Executive Vice President Dato' Wee Yiaw Hin တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ထို့နောက် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ထူး၊ Petronas Carigali Myanmar Inc. ၏ Vice President & CEO Mr. Effendy Cheng Abdullah၊ UNOG Pte., Ltd. ၏ Dy. Managing Director ဦးသန်းဝင်းဆွေ တို့ကလည်းကောင်း၊ အသိသက်သေများအဖြစ် စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထင်အောင်၊ Petronas Carigali Myanmar Inc. ၏ Head (Myanmar Operation) Mr. Ahmad Lutpi B Haron နှင့် UNOG Pte., Ltd. General Manager Mr. John Michael Peck တို့ကလည်းကောင်း နှစ်ဖက်သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကာ စာချုပ်များကို အပြန်အလှန်လဲလှယ်ကြသည်။

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် တိုးတက်လာသော ပြည်တွင်းရေနံနှင့် သဘာဝဓာတ်ငွေ့လိုအပ်ချက်ကို အမြန်ဖြည့်ဆည်းပေးနိုင်ရန်အတွက် ကုန်းပိုင်းနှင့် ကမ်းလွန်လုပ်ကွက်များ၌ နိုင်ငံတကာ အတွေ့အကြုံရှိသည့် ရေနံကုမ္ပဏီများနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် အခြေခံဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိရာ ထပ်မံတွေ့ရှိလာမည့် ကုန်းပိုင်းနှင့် ကမ်းလွန်ဒေသမှ ရေနံနှင့် သဘာဝဓာတ်ငွေ့များကို ပြည်တွင်းသုံးစွဲရေး ဦးစားပေးဆောင်ရွက်သွားရန် ရည်ရွယ်ချက်ထားရှိဆောင်ရွက်လျက်ရှိသည်။

စွမ်းအင်ဝန်ကြီးဌာနသည် လွန်ခဲ့သော ကိုးလခန့်မှစတင်ကာ ကုန်းပိုင်းလုပ်ကွက် ၁၈ ကွက်အတွက် အပြည်ပြည်ဆိုင်ရာ တင်ဒါခေါ်ယူခဲ့ပြီး မြန်မာတိုင်းရင်းသားပိုင် ကုမ္ပဏီများကိုလည်း ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းနှင့် နည်းပညာလွှဲပြောင်း ရယူနိုင်ရန်ရည်ရွယ်၍ လုပ်ကွက်ကိုးကွက်တွင် နိုင်ငံတကာ ရေနံကုမ္ပဏီနှင့် မြန်မာတိုင်းရင်းသားပိုင်ကုမ္ပဏီ ခုနစ်ခုတို့အား ပူးပေါင်းလုပ်ကိုင်ခွင့်ပေးရန် စိစစ်ရွေးချယ်ခဲ့ရာ စာချုပ်နှစ်ခု လက်မှတ်ရေးထိုးပြီး ဖြစ်သည်။ ယခု လက်မှတ်ရေးထိုးသည့် ကုန်းပိုင်းလုပ်ကွက်နှစ်ကွက်ဖြစ်သော RSF-2 (တူရွင်းတောင် မြိုင်တောင်ဒေသ)နှင့် RSF-3 (ငွေးချို-ငရှန်တောင်ဒေသ)တို့သည် တတိယအကြိမ်မြောက် စာချုပ်လက်မှတ်ရေးထိုးချုပ်ဆိုခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး Petronas Carigali Myanmar Inc.Vice President & CEO Mr. Effendy Cheng Abdullah အား လုပ်ငန်းလုပ်ကိုင်ခွင့်ပြုမိန့်ကို ပေးအပ်စဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၆-၄-၂၀၁၂ (သောကြာနေ့)

၇း၁၀	တရားတော်	၇း၀၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
၈း၁၅	မြန်မာသကြံ၀်န်		**-ကွန်ဖူးဘုရင်ဘရုစ်လီ (အပိုင်း-၂၀)**
၄း၄၅	အိုင်စီတီသုတ		
၄း၅၅	မြန်မာသကြံ၀်န်	၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၅း၃၀	လည်မယ်. . . စားမယ် ကမ္ဘာတစ်ခွင်ဝယ်		-ယနေ့ရန်ကုန်မြင်ကွင်းစုံ
			-သံစဉ်များနှင့်ကမ္ဘာ
၆း၃၀	‘ရွှ’ဟာသဇာတ်လမ်းတွဲ (အပိုင်း-၁၄၃)		-ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	-အသည်းကွဲသကြံ၀်န် (နိုင်ဝင်း၊ သူရဇ္ဇ၊ ထင်လင်းညို၊ ပန်းသော်တာနှင့် သရုပ်ဆောင်များ)		**-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ငှက်ကလေးရဲ့ကွန်းခိုရာ” (အပိုင်း-၂၂)**
၆း၄၅	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား		**-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “သမုဒယနှောင်ကြိုး” (အပိုင်း-၁၈)**

ဒုတိယဝန်ကြီး ဦးကျော်လွင် လမ်း၊ တံတားလုပ်ငန်းများ စစ်ဆေး

နေပြည်တော် ဧပြီ ၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်သည် ဧပြီ ၁ ရက်တွင် နေပြည်တော်-တောင်ညို-မြို့သစ်-ကံပြား-မကွေးလမ်းနှင့် တောင်ညို-ချောင်းနက်လမ်းတို့၌ ကတ္တရာလမ်းရေပိတ်လွှာလောင်းခြင်းလုပ်ငန်းများ၊ စက်ယန္တရားများဖြင့် ကွန်ကရစ်လမ်းခင်းနေမှုများ၊ ကျောက်ခင်းကြိတ်နေမှုများနှင့် တံတားတည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၅ - ၄ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ(ကျပ်)	၈၂၁. ၀၀၀	၀. ၀၀၁၂၂
ထိုင်း (ဘတ်)	၃၀. ၉၉၅၀	၀. ၀၃၂၂၆
တရုတ် (ယွမ်)	၆. ၃၁၅၃၃	၀. ၁၅၈၃၄
အိန္ဒိယ (ရူပီး)	၅၀. ၉၇၅၀	၀. ၀၁၉၆၂
မလေးရှား (ရင်းဂစ်)	၃. ၀၄၈၅၀	၀. ၃၂၈၀၃
စင်ကာပူ (ဒေါ်လာ)	၁. ၂၆၀၇၄	၀. ၇၉၃၁၉
ဂျပန် (ယန်း)	၈၂. ၁၄၈၁	၀. ၀၁၂၁၇
တောင်ကိုရီးယား(ဝမ်)	၁၁၃၁. ၄၉	၀. ၀၀၀၈၈
ယူရို	၀. ၇၆၆၂၄	၁. ၃၀၅၀၇
ဗြိတိသျှ (ပေါင်)	၀. ၆၃၁၆၁	၁. ၅၈၃၂၆

အင်တာနက်။

စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်း

ရန်ကုန် ဧပြီ ၅

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းကကြီးမှူး၍ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မြဝတ်ရည်ခန်းမ၌ ကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်နှင့် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်တို့က အမှာစကားပြောကြားကြပြီး အလှူရှင် ၅၀ တို့က ငွေကျပ် ၁၂၆၉၁၀၀၀ နှင့် ငွေကျပ် ၂၄၅၃၅၀၀ တန်ဖိုးရှိ စာအုပ် စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင် ရန်ကုန်အနောက်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်ထံ စာကြည့်တိုက် ဆောက်လုပ်ရန် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်နေ ဒုတိယဗိုလ်မှူးကြီး လှမြင့်(ငြိမ်း)-ဒေါ်စိန်စိန်ယဉ်၊ သား ဒေါက်တာကောင်းမြတ်မိသားစုနှင့် သင်္ဃန်းကျွန်းမြို့နယ်နေ ဦးချစ်ကို-ဒေါ်မြင့်ရီ၊ သား မျိုးသက်ကို၊ သမီး ဆုပြည့်စုံ မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)တွင် ဆောက်လုပ်ပြီးစီးပြီးဖြစ်သော သံဃာဆေးကုသဆောင်သစ်ကြီး၌ ပူဇော်ထားရှိမည့် ဘုရားဆင်းတုတော် တစ်ဆူအတွက် အလှူငွေကျပ် ၄၅၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။ (သတင်းစဉ်)

လူနေမှုအဆင့်အတန်း၊ အရည်အသွေးမြှင့်တင်ရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အလေးထားဆောင်ရွက်လျက်ရှိ ကျောင်းနေအရွယ်အားလုံး ကျောင်းနေရမည့်အစီအစဉ်ကို ရည်မှန်းချက်တစ်ခုအဖြစ် နိုင်ငံတစ်နံတစ်လျား ကျယ်ပြန့်စွာ လုပ်ဆောင်ခဲ့

နေပြည်တော် ဧပြီ ၅

သတ္တမအကြိမ်မြောက် အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ အစည်းအဝေးကို ဧပြီ ၂ ရက် နံနက် ၉ နာရီတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းတက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံက အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေမှု၊ အနာဂတ်တွင် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထိုသို့ ဆွေးနွေးရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အနေဖြင့် အာဆီယံ၏ "မတူညီကွဲပြား ခြားနားမှုများကြားမှ ညီညွတ်ခြင်း" ဆိုသည့် ဦးတည်ချက်အတိုင်း အာဆီယံအသင်းကြီး၏ တင်းပြည့်အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့သည့် ၁၉၉၇ ခုနှစ်ကတည်းက လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဘုံတန်ဖိုးထားမှုများကို အာဆီယံနိုင်ငံများနှင့် ပူးပေါင်း၍ မြှင့်တင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ထို့အတူ အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ၏ စီမံကိန်းတစ်ရပ်ဖြစ်သည့် "Initiative for the establishment of Ancient cities Network in ASEAN towards the promotion of ASEAN Identity" ခေါင်းစဉ်ပါ အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ၂၀၁၂ ခုနှစ် ဇွန်လတွင် မြန်မာနိုင်ငံ၌ ကျင်းပရန်စီစဉ်ထားပါကြောင်း၊ ဤဆွေးနွေးပွဲမှာ အာဆီယံ၏ ယဉ်ကျေးမှုလက္ခဏာများကို ပိုမိုတိုးမြှင့်ဖော်ဆောင်နိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပြီး အာဆီယံနိုင်ငံများမှပညာရှင်များက ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာနှင့် အနုပညာဆိုင်ရာများနှင့် ပတ်သက်၍ ရှုထောင့်အမျိုးမျိုးမှ ဆွေးနွေးကြမည်ဖြစ်ကြောင်း၊၂၀၁၅ ခုနှစ်တွင် ဖော်ဆောင်ရမည့် အာဆီယံလူမှုအသိုက်အဝန်း လုပ်ငန်းစဉ်များ အောင်မြင်ရေးကို အထောက်အကူပြုစေမည့် ဆောင်ရွက်မှုတစ်ရပ်ဖြစ်မည်ဟု ယုံကြည်ပါကြောင်း။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်က အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ အခြေပြမြေပုံပါ လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ လူနေမှုအဆင့်အတန်း၊ အရည်အသွေး မြှင့်တင်ရေးအတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန် သစ်တောရေးရာဝန်ကြီးဌာနကို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအဖြစ် ပြုပြင်ဖွဲ့စည်းပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း သတ္တမအကြိမ်မြောက် အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီအစည်းအဝေးသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

စေလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ တောင်ကြီးမြို့နှင့် ပြင်ဦးလွင်မြို့တို့သည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆု (Environmentally Sustainable Cities (ESC) award)ကို ရရှိခဲ့ပါကြောင်း။

ပညာရေးကဏ္ဍတွင် "ကျောင်းနေအရွယ် အားလုံးကျောင်းနေရမည့်" အစီအစဉ်ကို ရည်မှန်းချက်တစ်ခုအဖြစ် နိုင်ငံတစ်နံတစ်လျား ကျယ်ပြန့်စွာ လုပ်ဆောင်ခဲ့ကြောင်း၊ ထို့ပြင် အရွယ်လွန်ကျောင်းသားများအား ကျောင်းတက်ရေးကို ပိုမိုအားပေးသည့် ပညာရေးအထူးအစီအစဉ် ချမှတ်ဆောင်ရွက်ခဲ့ရာ အခြေခံပညာအဆင့် ကျောင်းတက်နှုန်း ပိုမိုမြင့်မားလာခဲ့ပါကြောင်း၊ မြန်မာနိုင်ငံရှိ နိုင်ငံခြားဘာသာ တက္ကသိုလ်၌ မြန်မာဘာသာစကား ဒီပလိုမာသင်တန်းနှင့် အဆင့်မြင့်မြန်မာဘာသာစကား သင်တန်းတို့ကို ၁၉၈၉-၉၀ ပညာသင်နှစ်ကတည်းက စတင်၍ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ အာဆီယံနိုင်ငံများမှ ကျောင်းသား ကျောင်းသူများကလည်း လာရောက်သင်ယူလျက်ရှိကြောင်း၊ ထို့ပြင် အာဆီယံတက္ကသိုလ်ကွန်ရက် (ASEAN University Network/ AUN) အစီအစဉ်အရ မြန်မာနိုင်ငံမှ ကျောင်းသားများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဂျပန်နိုင်ငံတို့သို့ ပညာတော်သင်စေလွှတ်ခဲ့ပါကြောင်း၊ မကြာမီ အာဆီယံတက္ကသိုလ်ကွန်ရက် ASEAN University Network (AUN) Board of Trustees အစည်းအဝေးကို မြန်မာနိုင်ငံ၌ ကျင်းပမည်ဖြစ်ကြောင်း။

သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍လည်း မြန်မာနိုင်ငံတွင် အမျိုးသားအဆင့် သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးနှင့် ကြိုတင်ပြင်ဆင်ရေးကော်မတီကို ဖွဲ့စည်းထားရှိပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပညာပေးခြင်း၊ ကြိုတင်သတင်းထုတ်ပြန် အသိပေးခြင်း၊ ကာကွယ်ရေးနှင့် လုံခြုံရေးအစီအစဉ်များ ကြိုတင်တည်ဆောက်ခြင်း၊ ဆက်သွယ်ရေးလမ်းကြောင်းများ လွယ်ကူအောင် တည်ဆောက်ပေးခြင်းနှင့် သောက်သုံးရေ၊ အစားအသောက်၊ ရှေးဦးသူနာပြုအစီအစဉ်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် မုတ်သုံရာသီဆိုင်ရာ နိုင်ငံတော်အဆင့် ဆွေးနွေးပွဲကို ဒေသတွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ တစ်နှစ်လျှင် (၂)ကြိမ် ကျင်းပလျက်ရှိကြောင်း။

အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ လူမှုဘဝဖူလုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံတွင် မူကြိုကျောင်းပေါင်း ၆၈ ကျောင်း ဖွင့်လှစ်ဆောင်ရွက်ထားသည့်အပြင် အသက်(၅)နှစ်အောက် စွန့်ပစ်ခံနှင့် ခိုကိုးရာမဲ့ကလေးသူငယ်များအတွက် ကျောင်းအိပ်ကျောင်းစား (Residential Nurseries) များ ဖွင့်လှစ်ပြီး ပြုစုပျိုးထောင်စောင့်ရှောက်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မသန်စွမ်းမှုများနှင့် ပတ်သက်ပြီး မသန်စွမ်းသူများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ၎င်းတို့၏ ဘဝရှင်သန်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ခံယူဆောင်ရွက်လျက်ရှိကြောင်း၊ မသန်စွမ်းသူများစာရင်းကို မြို့နယ်ပေါင်း ၁၂၀ ၌ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းကောက်ယူပြီး National Plan of Action (2010-2012)ကို ရေးဆွဲခဲ့ကြောင်း၊ ဤအစီအစဉ်တွင် သက်ဆိုင်ရာ Working Plan များကို ထည့်သွင်းထားပြီး အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ၎င်းတို့၏ အခွင့်အရေးများကို ကာကွယ်ရေးအတွက် လူမှုဝန်ထမ်းဦးစီးဌာနက နားမကြားကျောင်း နှစ်ကျောင်း၊ မျက်မမြင်ကျောင်း ရှစ်ကျောင်း၊ သက်မွေးပညာသင်ကျောင်း နှစ်ကျောင်းနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုနောက်ကျသောကလေးများအတွက် အထူးကျောင်း လေးကျောင်းတို့ကို တည်ထောင်ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။ ယင်းနောက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးရာတွင် မြန်မာနိုင်ငံအနေဖြင့် အားကစားကဏ္ဍကို ပညာရေးကဏ္ဍအောက်ရှိ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတွင် တိုးချဲ့ဖွဲ့စည်းမည်ကို ကြိုဆိုပါကြောင်း။

အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းအခြေပြမြေပုံ အကောင်အထည်ဖော်မှုကို တိုင်းတာမည့် Score Card အကောင်အထည်ဖော်ရေးတွင်မူ မိမိတို့နိုင်ငံတွင် လူမှုရေးနှင့် ယဉ်ကျေးမှု အသိုက်အဝန်းကိစ္စများကို ဝန်ကြီးဌာန ၁၇ ခုနှင့် ဆက်စပ်ဆောင်ရွက်နေရသဖြင့် အရေအတွက်သာမက အရည်အသွေး တိုးတက်မှုတိုင်းတာပုံများကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အကူအညီဖြင့် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်လျက် ပိုမိုသိရှိကျွမ်းကျင်မှုရအောင် ဆောင်ရွက်လိုပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့ပြင် သတ္တမအကြိမ်မြောက် အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီအစည်းအဝေးတွင် အာဆီယံပူးပေါင်းဆောင်ရွက်မှု အစီရင်ခံစာနှင့် ပတ်သက်၍လည်းကောင်း၊ အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ အခြေပြမြေပုံတွင် အားကစားကဏ္ဍကို အပိုင်းတစ်ပိုင်းအဖြစ် အသစ်ထည့်သွင်းရေးနှင့်ပတ်သက်၍ လည်းကောင်း၊ အစည်းအဝေး နောက်တစ်ကြိမ် ခေါ်ယူမည့်ရက်စွဲနှင့် ကျင်းပမည့်နေရာရွေးချယ်သတ်မှတ်ရေးနှင့်ပတ်သက်၍ လည်းကောင်း ဝိုင်းဝန်းဆွေးနွေးကြပြီး အစည်းအဝေးအစီရင်ခံစာကို အတည်ပြုနိုင်ခဲ့ကြသည်။

သတ္တမအကြိမ်မြောက် အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီအစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ သက်ဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဦးအောင်သောင်းအား အမေရိကန်သံရုံးယာယီတာဝန်ခံ Mr. Michael E. Thurston လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၅

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် တောင်သာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းနှင့် ဒုတိယအဖွဲ့ခေါင်းဆောင် မြစ်ကြီးနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်တို့အား အမေရိကန်သံရုံးယာယီတာဝန်ခံ Mr. Michael E. Thurston နှင့် ပထမအတွင်းဝန် Mr. Machutmi J. A. Shishak တို့သည် ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော် အမရာဟိုတယ်၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် အဖွဲ့ခေါင်းဆောင် ဦးအောင်သောင်းနှင့် ဒုတိယအဖွဲ့ခေါင်းဆောင် ဦးသိန်းဇော်တို့က မြန်မာနိုင်ငံ၌ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးဆောင်ရွက်နေမှုများ၊ ဆက်လက်ဆွေးနွေးဆောင်ရွက်မည့်အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ရှင်းလင်းပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် မျက်စိအခမဲ့စမ်းသပ်ခွဲစိတ်ကုသမှု ကြည့်ရှုအားပေး

နေပြည်တော် ဧပြီ ၅

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင်သည် မတ် ၃၁ ရက် ညနေပိုင်းတွင် မာန်အောင်မြို့နယ် ပြည်သူ့ဆေးရုံ၌ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တကုမာရ ဦးဆောင်၍ ချမ်းဟိန်းကုမ္ပဏီက လှူဒါန်းပြုလုပ်သည့် မျက်စိအခမဲ့ စမ်းသပ်ခွဲစိတ်ကုသမှုများကို ကြည့်ရှုအားပေးပြီး ခွဲစိတ်ကုသပြီး မျက်စိဝေဒနာရှင်များအား မျက်မှန်များ အခမဲ့ တပ်ဆင်ပေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဧပြီ ၁ ရက် နံနက် ၇ နာရီတွင် မာန်အောင်မြို့နယ် တရားရုံးသစ်ဖွင့်ပွဲနှင့် GSM မိုဘိုင်းစခန်းသစ်ဖွင့်ပွဲတို့သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

တစ်ချက်တည်းဖြင့် ကျင်းဝင်

ရန်ကုန် ဧပြီ ၅

ဦးဝင်းရီ (C.33)သည် ကစားဖော်များဖြစ်ကြသော ဦးတင်ဦး၊ ဦးသန်းမိုး၊ ဦးခိုင်ဦး၊ ဦးလှထွန်းဦးတို့နှင့်အတူ ဧပြီ ၁ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း(မြကန်သာ)၌ ဂေါက်သီးရိုက်ကစားစဉ် Bridgestone No.(4) ဘောလုံးကို Iron No.(8)သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၂၂ ကိုက်အကွာရှိ ကျင်း အမှတ်(၂)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မုတ္တမပင်လယ်ကွေ့ သောင်စပ်၌ သောင်တင်နေသော ဝေလငါးအားကယ်ဆယ်ရေးဆောင်ရွက်ခဲ့သော်လည်း ကယ်တင်နိုင်ခြင်းမရှိဘဲ သေဆုံးသွား

နေပြည်တော် ဧပြီ ၅

မုတ္တမပင်လယ်ကွေ့ သောင်စပ်၌ သောင်တင်နေသည့် ဝေလငါးတစ်ကောင်အား ကယ်ဆယ်ရေးဆောင်ရွက်ခဲ့သော်လည်း ကယ်တင်နိုင်ခြင်းမရှိဘဲ သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ပိုက်စည်းကျေးရွာမှ အရှေ့ဘက်(၆)မိုင်ခန့်အကွာ မုတ္တမပင်လယ်ကွေ့သောင်စပ်၌ ဝေလငါးတစ်ကောင် သောင်တင်နေကြောင်း ဧပြီ ၂ ရက် ညနေ ၅ နာရီခန့်တွင် သတင်းရရှိသဖြင့် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး၊ ပိုက်စည်းကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့သည် ဧပြီ ၃ ရက်တွင် သွားရောက်ကြည့်ရှုခဲ့ရာ ဝေလငါးအား အသက်ရှင်လျက်တွေ့ရှိရပြီး အရှည် ၄၇ ပေ၊ လုံးပတ် ၁၅ ပေခွဲခန့်ရှိကြောင်း၊ ဝေလငါးကြီးအား လူအင်အားဖြင့် ရေထဲရောက်ရှိအောင် တွန်းချခြင်း ဆောင်ရွက်ခဲ့သော်လည်း ဧပြီ ၄ ရက် ညနေ ၄နာရီ ၁၅မိနစ်ခန့်တွင် သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

အိန္ဒိယရေတပ်တွင် အသုံးပြုမည့် ရုရှားနိုင်ငံလုပ် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘော အိုင်အန်အက်စ်ချာကရာကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယရေတပ်တွင် နျူစွမ်းအင်သုံး ရေငုပ်သင်္ဘောတာဝန်ပေး

နယူးဒေလီ ဧပြီ ၅

အိန္ဒိယနိုင်ငံက ၎င်း၏ရေတပ်မတော်တွင် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောတစ်စင်းကို တရားဝင် တာဝန်ပေးအပ်လိုက်ကြောင်း ဘီဘီစီက ဧပြီ ၄ရက်တွင် ဖော်ပြသည်။

ရုရှားနိုင်ငံက တည်ဆောက်၍ ဒေါ်လာတစ်ဘီလီယံတန်ဖိုးရှိသော ယင်းရေငုပ်သင်္ဘောကို အိန္ဒိယရေတပ်အတွက် ဆယ်နှစ်သက်တမ်းကြာ ငှားရမ်းထားခြင်းဖြစ်သည်။ ဇန်နဝါရီလအတွင်း၌ ရုရှားနိုင်ငံအရှေ့ပိုင်းတွင် အိန္ဒိယနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်သည်။

ယခင်ကလည်း ၁၉၉၁ ခုနှစ်မတိုင်မီအထိ ဆိုဗီယက် နျူကလီးယားရေငုပ်သင်္ဘောတစ်စင်းကို အသုံးပြုခဲ့သည်။

ယခုအခါတွင် တရုတ်၊ ရုရှား၊ အမေရိကန်ပြည်ထောင်စု၊ ယူကေနှင့် ပြင်သစ်နိုင်ငံများကဲ့သို့ အိန္ဒိယသည်လည်း နျူကလီးယားရေငုပ်သင်္ဘောသုံးစွဲသည့်နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့ပြီဖြစ်သည်။

အနက်ရောင်ကိုယ်ထည်ရှိ "အိုင်အန်အက်စ်ချာကရာ"ကို ဘင်္ဂလားပင်လယ်အော်ကမ်းလွန်၌ အိန္ဒိယကာကွယ်ရေးဝန်ကြီး၊ ရေတပ်အကြီးအကဲ၊ ရေတပ်တပ်မှူးများနှင့် ရုရှားသံအမတ်ကြီးတို့ ပါဝင်သော ဂုဏ်သရေရှိပုဂ္ဂိုလ်များက ကြိုဆိုခဲ့သည်။

အိန္ဒိယကာကွယ်ရေးဝန်ကြီး အေကေအန်တိုနီက အိန္ဒိယရေတပ်မတော်သို့ "ချာကရာ"ကို တရားဝင် အပ်နှင်းခဲ့သည်။

အင်တာနက်။

ကရာချိမြို့တွင် အသေခံဗုံးဖောက်ခွဲတိုက်ခိုက် လူလေးဦးသေဆုံးပြီး ၁၅ ဦး ဒဏ်ရာရ

အစ္စလာမ္မာဘတ် ဧပြီ ၅

ပါကစ္စတန်နိုင်ငံတောင်ပိုင်းရှိ ဆိပ်ကမ်းမြို့ဖြစ်သော ကရာချိတွင် ဧပြီ ၅ ရက်နံနက်ပိုင်းက အသေခံဗုံးဖောက်ခွဲမှုတစ်ရပ်ဖြစ်ပွားရာ လူလေးဦးသေဆုံး၍ ၁၅ ဦး ဒဏ်ရာရရှိကြောင်း ဒေသခံရုပ်မြင်သံကြားချယ်နယ်အေအာရ်ဝိုင်က ထုတ်လွှင့်သည်။

ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူများအနက် သုံးဦးထက်မနည်း ဒဏ်ရာပြင်းထန်၍ သေလုမျောပါးဖြစ်နေကြောင်း၊ သေဆုံးသူလေးဦးတွင် ရဲတပ်ဖွဲ့ဝင်နှစ်ဦးပါဝင်ကြောင်း သတင်းတွင်ဖော်ပြသည်။

ဒေသစံတော်ချိန် နံနက် ၁၁နာရီခွဲခန့်က ကရာချိမြို့ မာလီယာဟော့တ်ဒေသတွင် မော်တော်ဆိုင်ကယ်စီးနင်းလာသူတစ်ဦးက ရဲကားတစ်စီးအနီးတွင် အသေခံဗုံးဖောက်ခွဲလိုက်ခြင်း ဖြစ်သည်။

ဗုံးပေါက်ကွဲမှုကြောင့် ရဲကားပျက်စီးသွားကြောင်း၊ ရဲကားအနီး ဗုံးမဖောက်ခွဲမီ စစ်သွေးကြွလေးဦး သို့မဟုတ် ငါးဦးက ရဲကားအားသေနတ်ဖြင့်ပစ်ခတ်ကြောင်း မျက်မြင်တွေ့ရှိသူများ၏ ပြောကြားချက်ကိုကိုးကား၍ ဒေသတွင်းသတင်းများတွင် ဖော်ပြသည်။

ဆင်ဟွာ။

ပါကစ္စတန်နိုင်ငံတောင်ပိုင်းရှိ ဆိပ်ကမ်းမြို့ ကရာချိတွင် ဧပြီ ၅ ရက်က ဖြစ်ပွားခဲ့သော အသေခံဗုံးဖောက်ခွဲမှု၏ အပျက်အစီးများကို ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များ စစ်ဆေးနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အင်ဒိုနီးရှား၌ သတ္တုထုတ်ကုန်တင်ပို့မှု အခွန်တိုးမြှင့်ကောက်မည်

ဂျကာတာ ဧပြီ ၅

အင်ဒိုနီးရှားအစိုးရသည် ယခုနှစ်၌ သတ္တုထုတ်ကုန်များကို တင်ပို့ကုန်အခွန် ၂၅ရာခိုင်နှုန်း ကောက်ခံရန် လျာထားသည်ဟု အမိန့်ထုတ်ပြန်ခဲ့သည်။

စီမံချက်ချထား

ယခုနှစ်၌ သတ္တုထုတ်ကုန်များကို တင်ပို့ကုန် ၂၅ရာခိုင်နှုန်းနှင့် နောက်နှစ်တွင် ၅၀ ရာခိုင်နှုန်း အခွန်ကောက်ခံရန် အစိုးရက စီမံချက်ချထားသည်ဟု သတင်း၌ဖော်ပြထားသည်။

ပြည်တွင်းလိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းနိုင်ရန် စားအုန်းဆီနှင့် ကိုကိုးမှုန့်တို့ကို တင်ပို့ကုန်ခွန် ပြဋ္ဌာန်းလိုက်သည်။

အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာ့တစ်ဝန်း၌ သန့်စင်ပြီး သံဖြူနှင့် ကျောက်မီးသွေးတို့ကို ပို့ကုန် အများဆုံးတင်ပို့သည့် နိုင်ငံဖြစ်ပြီး ဒုတိယအကြီးဆုံးကြေးနီသတ္တုတွင်း၊ ဒုတိယအကြီးဆုံးရွှေတွင်းနှင့် နီကယ်တွင်းလည်း ပိုင်ဆိုင်သည့် နိုင်ငံဖြစ်သည်။

ဆင်ဟွာ။

မြောက်ကော့ကေးဆပ်ဒေသတွင် စစ်သွေးကြွ ၃၄၃ ဦးကို ရုရှား ချေမှုန်းနိုင်ခဲ့

မော်စကို ဧပြီ ၅

ရုရှားနိုင်ငံရှိ တည်ငြိမ်မှုကင်းမဲ့နေသော မြောက်ကော့ကေးဆပ်ဒေသတွင် လွန်ခဲ့သောနှစ်အတွင်းက စစ်သွေးကြွ ၃၄၃ဦးကို ရုရှားအထူးတပ်ဖွဲ့က သုတ်သင်နိုင်ခဲ့ပြီး ၆၁၈ ဦးကို လက်ရဖမ်းဆီးနိုင်ခဲ့ကြောင်း အမျိုးသားအကြမ်းဖက် လုပ်ရပ်ဆန့်ကျင်ရေးကော်မတီ(အင်န်အေကေ)က ဧပြီ ၅ရက်တွင် ကြေညာချက်ထုတ်ပြန်သည်။

၃၄၃ ဦး သေဆုံး

၂၀၁၁ ခုနှစ်က ရုရှားနိုင်ငံ မြောက်ကော့ကေးဆပ်ဒေသတွင် စစ်ဆင်ရေး အကြိမ် ၁၂၀၀၀ ကျော်နှင့် အကြမ်းဖက်ဆန့်ကျင်မှုလုပ်ရပ် စစ်ဆင်ရေး ၈၅ ကြိမ်ပြုလုပ်ခဲ့ကြောင်း၊ ယင်းစစ်ဆေးရေးများအတွင်း အကြမ်းဖက်သမား ၃၄၃ ဦး သေဆုံးကာ ၆၁၈ ဦးကို ဖမ်းမိခဲ့ခြင်းဖြစ်ကြောင်း အင်န်အေကေမှ ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။

ရုရှားအထူးတပ်ဖွဲ့များက အစိုးရအားဆန့်ကျင်၍ အကြမ်းဖက်လုပ်ရပ်လုပ်ကိုင်သူ ၅၀ ကျော်အား ရပ်တန့်ကရပ်ရန် ဖျောင်းဖျပြောဆိုခဲ့သည်ဟု ဆိုသည်။

ရုရှားနိုင်ငံ မြောက်ကော့ကေးဆပ်ဒေသတွင် အကြမ်းဖက်မှုများ ဖြစ်ပွားနေကျဖြစ်သည်။ အထူးသဖြင့် ချေချင်းညာ၊ ဒါဂျက်စတန်နှင့် အင်ဂူတီရှီးယားတို့တွင် အဆိုးဆုံးဖြစ်သည်။ ၎င်းတို့က ရဲအရာရှိများနှင့် အာဏာပိုင်အဖွဲ့အစည်းများကို မကြာခဏတိုက်ခိုက်လေ့ရှိသည်။

ဆင်ဟွာ။

အမျိုးသမီးများ သားအိမ်ကင်ဆာရောဂါဖြင့် သေဆုံးမှုနှုန်း ဗြိတိန်နိုင်ငံတွင် မြင့်တက်

လန်ဒန် ဧပြီ ၅

ဗြိတိန်နိုင်ငံတွင် သားအိမ်ကင်ဆာရောဂါဖြင့် သေဆုံးခဲ့ရသူ အမျိုးသမီးများအရေအတွက်မှာ လွန်ခဲ့သည့်ဆယ်စုနှစ်အတွင်း ၁၈ရာခိုင်နှုန်းနီးပါး မြင့်တက်လာခဲ့ကြောင်း ဗြိတိန် ကင်ဆာ သုတေသနဌာနတစ်ခု၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကောက်ယူရရှိသည့် အချက်အလက်များအရ ရောဂါဖြစ်ပွားမှုအများအပြားကို ရောဂါအမည် ခွဲခြားသတ်မှတ်နေဆဲဖြစ်ကြောင်း၊ ရောဂါအမည်ခွဲခြား သတ်မှတ်ခံရပြီးနောက်တွင် အမျိုးသမီးများမှာ သက်တမ်းရှည်စွာ နေထိုင်နိုင်ကြသော်လည်း ယင်းရောဂါဖြင့် သေဆုံးသူဦးရေမှာမူ မြင့်မားနေဆဲရှိသည်ဟု ဆိုသည်။

အမျိုးသမီးများ သားအိမ်ကင်ဆာရောဂါဖြင့် သေဆုံးရခြင်းနှုန်း မြင့်မားရခြင်း၏နောက်ကွယ်မှ အကြောင်းရင်းမှာ ကိုယ်ခန္ဓာဝဖြိုးလွန်မှုနှုန်း မြင့်မားလာခြင်းကြောင့်ဟူသောအချက်ကိုမူ ယခုတိုင် ငြင်းခုံနေဆဲဖြစ်သည်။

သားအိမ်ကင်ဆာရောဂါသည် အမျိုးသမီးများတွင် စတုတ္ထမြောက် အဖြစ်အများဆုံးရောဂါဖြစ်ပြီး အမျိုးသမီးများ ရာသီသွေးဆုံးပြီးချိန်တွင် ဖြစ်လေ့ဖြစ်ထရှိသည်။

၁၉၇၀ပြည့်လွန်နှစ်များမှ ၁၉၉၆ခုနှစ်ကာလများအတွင်း ဗြိတိန်အမျိုးသမီးများ၏ သားအိမ်ကင်ဆာ ဖြစ်ပွားမှုနှုန်းမှာ အကြမ်းအားဖြင့် လူဦးရေ ၁၀၀၀၀၀ တွင် ၁၃ ဒသမ ၇ ဦးနှုန်းနီးပါးရှိပြီး ယခုအခါတွင် လူ ၁၀၀၀၀၀ တွင် ၁၉ ဒသမ ခြောက်ဦးခန့်ရှိလာပြီး ဖြစ်ပွားမှုနှုန်းမှာမူ ၄၃ရာခိုင်နှုန်း မြင့်တက်လာသည်။

အင်တာနက်။

ဂျပန်၌ မုန်တိုင်းတိုက်ခတ်ပြီး မိုးသည်းထန် လူလေးဦးသေဆုံးပြီး လေယာဉ်ခရီးစဉ်များရပ်ဆိုင်း

ပေကျင်း ဧပြီ ၅

ဂျပန်နိုင်ငံ၌ အင်အားပြင်းမုန်တိုင်း မွှေနှောက်သွားသည့်အပြင် လေပြင်းတိုက်ခတ်၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အိမ်ထောင်ပေါင်းများစွာ ဓာတ်အားပြတ်တောက်ခဲ့ကြောင်း၊ သေဆုံးသူလေးဦးရှိပြီး တိုကျိုမြို့လေကြောင်းနှင့် ရထားပို့ဆောင်ရေးလုပ်ငန်းများ ရပ်ဆိုင်းခဲ့ကြောင်း ဂျပန်အာဏာပိုင်များကပြောကြားသည်။

နီဂါတာ၊ ယာမာဂါတာနှင့် အကီတာဒေသတို့၌ ဧပြီ ၄ရက် အစောပိုင်းက တစ်နာရီလျှင် ၁၅၀ ကီလိုမီတာနှုန်းကျော်ဖြင့် လေပြင်းတိုက်ခတ်ခဲ့ကြောင်း ဂျပန်မိုးလေဝသဌာနက သတင်းထုတ်ပြန်ခဲ့သည်။

တိုဟိုကူဒေသ အရှေ့မြောက်ပိုင်းနှင့် ဟိုကိုင်းဒိုးကျွန်းတို့၌ အိမ်တွင်း၌သာနေကြရန် ပြည်သူများကို မိုးလေဝသအေဂျင်စီက တိုက်တွန်းခဲ့သည်။

ကုန်လှောင်ရုံများ ပြိုကျမှုကြောင့် လူနှစ်ဦးသေဆုံး၍ ကျန်နှစ်ဦးမှာ ညဥ့်နက်ပိုင်းတွင် သေဆုံးခဲ့ကြောင်း၊ တစ်ချိန်တည်းမှာပင် ဒဏ်ရာရရှိသူရာပေါင်းများစွာရှိကြောင်း ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

မုန်တိုင်းကြောင့် ဧပြီ ၃ ရက်က ရထားခရီးစဉ်များ ရပ်တန့်ထားရပြီး တိုကျိုတစ်ဝိုက်နှင့် မြို့များ၌ လေယာဉ်အစင်း ၅၀၀ ကျော်ရပ်နားထားရသည်။ ဧပြီ ၄ရက်တွင် ရထားများ ပုံမှန်ခုတ်မောင်းနေပြီဖြစ်သော်လည်း လေယာဉ်ခရီးစဉ် ၇၀ ခန့် ဖျက်သိမ်းလိုက်ရသည်။ ဧပြီ ၄ ရက်နှင့် ၅ ရက် နံနက်ပိုင်းအထိ လေပြင်းများတိုက်ခတ်၍ လှိုင်းကြီးကာ နှင်းမုန်တိုင်း ဆက်လက်တိုက်ခတ်မည်ဟု ခန့်မှန်းထားသည်။

ဆင်ဟွာ။

ဂျပန်နိုင်ငံတွင် ပြင်းထန်သောမုန်တိုင်းတိုက်ခတ်မှုနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ဖြစ်ပေါ်ခဲ့ရသော မြင်ကွင်းကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးအား အမေရိကန်နိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. Michael E. Thurston နှင့် First Secretary Mr. Machut A. Shishak တို့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးအား အမေရိကန်သံရုံး ယာယီတာဝန်ခံ Mr. Michael E. Thurston တွေ့ဆုံ

နေပြည်တော် ဧပြီ ၅

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးအား အမေရိကန်နိုင်ငံသံရုံး ယာယီတာဝန်ခံ Mr. Michael E. Thurston နှင့် First Secretary Mr. Machut A. Shishak တို့သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဥက္ကဋ္ဌ၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ ဖြစ်ကြသော ဦးမြင့်နိုင်၊ ဦးအောင်မြင့်၊ ဦးသာဦး၊ ဦးဝင်းကြည်၊ ဦးညွန့်တင်နှင့် ကော်မရှင်အတွင်းရေးမှူး ဦးဝင်းကိုတို့ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် အမေရိကန်နိုင်ငံ သံရုံးယာယီတာဝန်ခံက မြန်မာနိုင်ငံတွင် လွတ်လပ်၍ တရားမျှတသော ကြားဖြတ်ရွေးကောက်ပွဲများကို ပွင့်လင်းမြင်သာစွာ ကျင်းပနိုင်ခဲ့မှုအတွက် ချီးကျူးဂုဏ်ပြုကြောင်း၊ နောင်ကျင်းပမည့် ရွေးကောက်ပွဲများအတွက် နည်းပညာဆိုင်ရာ အကူအညီပေးနိုင်ရေး ဆောင်ရွက်လိုကြောင်း ဆွေးနွေးပြောကြားရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မိမိတို့အနေဖြင့် ပြီးခဲ့သည့် ရွေးကောက်ပွဲအတွေ့အကြုံများကို လေ့လာသုံးသပ်၍ နောင်ရွေးကောက်ပွဲများတွင် ပိုမိုကောင်းမွန်သည့် လုပ်ငန်းစဉ်များဖြစ်စေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတကာမှ ပူးပေါင်းဆောင်ရွက်မှုများနှင့် နည်းပညာအကူအညီများကိုလည်း ကြိုဆိုပါကြောင်း ပြောကြားပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရန်ကိစ္စများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၁၂ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့
ဧပြီလ(၇)ရက်နေ့
သက်ကြီးသူတို့ကျန်းမာဖို့ လူမှုဘဝမြှင့်တင်စို့

World Health Day 2012
7 April
Ageing and Health
“Good health adds life to years”

ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့် အာဆီယံဆိုင်ရာ အသိအမြင်တိုးပွားရေးဖိုရမ် တက်ရောက်

နေပြည်တော် ဧပြီ ၅

အီတလီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်သည် အီတလီနိုင်ငံ ရောမမြို့၌ မတ် ၂၂ ရက်မှ ၂၃ ရက်အထိ ကျင်းပခဲ့သည့် အာဆီယံဆိုင်ရာ အသိအမြင်တိုးပွားရေးဖိုရမ်သို့ တက်ရောက်ခဲ့ပြီး မတ် ၂၄ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်။

ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်သည် မတ် ၂၂ ရက်တွင် ကျင်းပသည့် ဖွင့်ပွဲအခမ်းအနား၌ အီတလီနိုင်ငံနှင့် အာဆီယံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးတက်ရေးနှင့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးနှင့် အာဆီယံဆိုင်ရာ အသိအမြင်တိုးပွားရေးဖိုရမ်၏ အရေးပါမှုများအပေါ် လည်းကောင်း၊ မြန်မာနိုင်ငံ၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို လည်းကောင်း ဆွေးနွေးပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးသည် မတ် ၂၁ ရက် ညနေ ၄ နာရီတွင် အီတလီနိုင်ငံခြားရေးဝန်ကြီးဌာနသို့ သွားရောက်၍ နိုင်ငံခြားရေးဝန်ကြီး Mr. Giulie Terzi di Sant' Agata နှင့်တွေ့ဆုံကာ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်မှုဆိုင်ရာအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။ ထိုသို့ တွေ့ဆုံရာတွင် အီတလီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင့်ဆွေလည်း တက်ရောက်ခဲ့သည်။ (သတင်းစဉ်)

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၆-၄-၂၀၁၂ (သောကြာနေ့)

၅း၄၀ “ကုသိုလ်အစစ်နံပါတ်တစ်” တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
၉း၂၅ ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေး ပူဇော်ပွဲပညာရည်ချွန်ဆုပေးပွဲ အခမ်းအနား
၉း၅၅ အဝလွန်သူများအတွက် သဘာဝလက်ဆောင်
၁၀း၃၀ ခါသကြိန်အဆိုအကများ
၄း၀၀ MNL MYANMAR 2012 (Zwekapin FC Vs Zeyar Shwe Myay FC)(LIVE)
၆း၁၅ Vox Pop (အနုပညာရှင်များရဲ့ သင်္ကြန်ရင်ခုန်သံများ)
၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အချစ်တေးသံရင်ခုန်သံ” (အပိုင်း-၄၄)**
၇း၃၀ MRTV-4 မြန်မာ့ရိုးရာသင်္ကြန်
၈း၃၀ Myanmar Cooking Master (ပွဲစဉ်-၁၀)
၈း၅၀ Movie Talk (နှစ်သစ်တူပြိုင်ပိတောက်မြိုင်) (ဒါရိုက်တာကြည်စိုးထွန်း) (အပိုင်း-၂)
၉း၂၀ The Shop Around The Corner (Part-60)
၉း၅၅ Barclays Premier League (Swansea Vs Newcastle)
၁၁း၅၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပန်းသုံးပွင့်လေညွန်ရာ” (အပိုင်း-၁၂၁)**
၁၂း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပုံပြောကောင်းတဲ့ချစ်သူ” (အပိုင်း-၄)**
၁း၃၀ Style ရှိမှ Star ဖြစ်မယ်
၃း၁၅ **တစ်ပါးသီလ(၂)** (ဒါရိုက်တာ-တင်မောင်အေး)
၄း၂၅ မြတ်ဗုဒ္ဓ၏မဟာဗုဒ္ဓဝင်
၄း၄၀ ရှမ်းပြည်တောင်ပိုင်း ကလောမြို့နယ် မြောက်မြေခြားရွာသို့ အလည်တစ်ခေါက်

စာဖတ်ရှိန်မြှင့်တင်ရေး စာစီစာကုံး၊ ကဗျာနှင့် ကျပန်းစကားပြောပြိုင်ပွဲ ဆုချီးမြှင့်ခြင်းနှင့် စာအုပ်လှူဒါန်းပွဲ ကျင်းပ

နေပြည်တော် ဧပြီ ၅

စာဖတ်ရှိန်မြှင့်တင်ရေး ဆုချီးမြှင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲကို မတ် ၂၅ ရက် နံနက် ၉ နာရီတွင် ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်းကျေးရွာ ဓမ္မာရုံ၌ ကျင်းပရာ မွန်ပြည်နယ် ပအိုဝ်းတိုင်းရင်းသားရေးရာ ဝန်ကြီး ဦးခွန်ဖေမြက အဖွင့်အမှာစကား ပြောကြားပြီး ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းအောင်က စာကြည့်တိုက်များ သတ်မှတ်စံ(၅)ရပ်နှင့် အညီ ရှင်သန်ဖွံ့ဖြိုးရေး ဆွေးနွေးသည်။

ထို့နောက် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသူများအား ပြည်နယ်ဝန်ကြီး ဦးခွန်ဖေမြ၊ ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိကြသူများအား ကျိုက်ထိုမြို့နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးညီညီထွန်းနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ဆုရရှိကြသူများအား လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းအောင်တို့က ဆုများချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းက လှူဒါန်းသည့် ငွေကျပ်ငါးသိန်းတန်ဖိုးရှိ သုတ၊ ရသ စာအုပ် ၁၂၅၀ ကို ကျေးရွာစာကြည့်တိုက် ၁၀ ခုသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

မွန်ပြည်နယ် ပအိုဝ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးခွန်ဖေမြ စာဖတ်ရှိန်မြှင့်တင်ရေး ဆုချီးမြှင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

သတိပြုရန်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းသူများ လိုက်နာရန်။

(၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။
(၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။
(၃) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။
(၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
(၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။
(၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများ ဖြုတ်၍မောင်းနှင်ခြင်း မပြုရ။
(၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗီးတက်)မပါဘဲ မမောင်းရ။
(၈) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသော ယာဉ်များနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
(၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။
(၁၀) ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်မျှ စီးနင်းခြင်း လုံးဝမပြုရ။
(၁၁) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။

(ခ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

(ဂ) သင်္ကြန်ကာလအတွင်း ယာဉ်မောင်းနှင်သူများအား အရက်သေစာသောက်စားထားခြင်း ရှိ/မရှိ အရက်မူးတိုင်းကိရိယာ (Alcohol Tester) ဖြင့် တိုင်းတာစစ်ဆေး၍ ချိုးဖောက်ပါက ထိရောက်စွာအရေးယူဆောင်ရွက်သွားပါမည်။

(ဃ) ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွ၊ မီးပွိုင့်များတွင် ခေတ်မီပစ္စည်းကိရိယာများဖြစ်သော CCTV CAMERA, RED LIGHT RUNNING CAMERA များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများအား အဆိုပါ ကင်မရာများဖြင့် ရိုက်ကူးပြီး ထိရောက်စွာ အရေးယူဆောင်ရွက်သွားပါမည်။

(င) “သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကို အကျည်းတန်မညစ်နွမ်းပါစေနှင့်”

ရန်ကုန်တိုင်းဒေသကြီးယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

အသေးစားငွေရေးကြေးရေးလုပ်ငန်း ရှင်းလင်းပွဲကျင်းပ

နေပြည်တော် ဧပြီ ၅

အသေးစားငွေရေးကြေးရေးလုပ်ငန်း သိကောင်းစရာများရှင်းလင်းပွဲကို ဧပြီ ၄ ရက် နံနက် ၈ နာရီခွဲတွင် လွိုင်ကော်မြို့ ကယားပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ပြည်နယ်အသေးစား ငွေရေးကြေးရေး လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဦးသန်းကျော်စိုး၊ ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးအောင်နိုင်ဦး၊ ပြည်နယ်အသေးစား ငွေရေးကြေးရေး ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ အသေးစားငွေရေးကြေးရေး လုပ်ငန်းလုပ်ကိုင်လိုသည့် အဖွဲ့အစည်းများ တက်ရောက်ကြပြီး အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှု ကော်မတီအတွင်းရေးမှူး မြန်မာ့အသေးစား ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးထိန်လင်းက အသေးစား ငွေရေးကြေးရေး လုပ်ငန်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့် သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်အား ဗီယက်နမ်အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ တွေ့ဆုံ

ရန်ကုန် ဧပြီ ၅

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ H.E. Mr. Huynh Ngoc Son ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဒုတိယ ဥက္ကဋ္ဌ ဦးတင်အောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းရင်းသားရေးရာဝန်ကြီး များနှင့် တာဝန်ရှိသူများ တက်ရောက်ကြ ပြီး ဧည့်သည်တော်ကိုယ်စားလှယ်အဖွဲ့နှင့် အတူ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung နှင့် တာဝန်ရှိသူများ တက်ရောက် ကြသည်။

အဆိုပါ ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့သည် နံနက် ၇ နာရီခွဲတွင် ရွှေတိဂုံ စေတီတော်အား သွားရောက်ဖူးမြော် ကြည်ညိုကြသည်။

ထို့နောက် နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်သို့ ရောက်ရှိရာ စက်မှုဇုန်ကြီးကြပ်မှုကော်မတီ ရုံး၌ စက်မှုဇုန် ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအေးလွင်က ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် စက်မှုဇုန်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဧည့်သည်တော် ဗီယက်နမ် အမျိုးသားလွှတ်တော် ဒုတိယ ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြား ကာ ပေါ်ပြူလာ ပလတ်စတစ်စက်ရုံ၊ ဆိုဂိုပိုက်စက်ရုံနှင့် အာရှနဂါး အထည်ချုပ် စက်ရုံများကို လှည့်လည်ကြည့်ရှုလေ့လာ ကြသည်။ (သတင်းစဉ်)

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ H.E. Mr. Huynh Ngoc Son ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် စက်မှုဇုန်ရှိ စက်ရုံများတွင် ကြည့်ရှုလေ့လာကြစဉ်။
(သတင်းစဉ်)

ငွေကြေးမူဝါဒဆိုင်ရာ သင်တန်းပြီးဆုံးသည့် အခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၅

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ရုံးခွဲ အစည်းအဝေးခန်းမ၌ ယနေ့ မွန်းလွဲပိုင်း တွင် ငွေကြေးမူဝါဒဆိုင်ရာနည်းလမ်းများ ချမှတ် အကောင်အထည်ဖော်နိုင်ရေး (The Hand-on Training on Reserve Money Targeting and Liquidity Forecasting for Central Bank of Myanmar and Workshop on Standardized Data Formatting System) နည်းပညာများအား ထိုင်းနိုင်ငံ ဗဟိုဘဏ်မှ နည်းပညာအကူအညီပေး သင်ကြားပေးခြင်းသင်တန်း ပြီးဆုံးသည့် အခမ်းအနားကို ကျင်းပရာ မြန်မာ နိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းနှင့် သင်တန်းနည်းပြ ဆရာများ၊ အရာထမ်း အမှုထမ်းများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက် ကြသည်။

အခမ်းအနားတွင် ထိုင်းနိုင်ငံဗဟိုဘဏ် မှ အငြိမ်းစားဒုတိယဥက္ကဋ္ဌ Mr. Bandid Nijathaworn က အမှာစကား ပြော ကြား သည်။

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌက ငွေကြေးမူဝါဒဆိုင်ရာ နည်းလမ်းများ ချမှတ်အကောင်အထည် ဖော်နိုင်စေရန်အတွက် ထိုင်းနိုင်ငံဗဟို ဘဏ်က နည်းပညာအကူအညီပေး၍ သင်ကြားပေးသော နည်းပြဆရာများ အား အထူးကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက် မှစ၍ ထိန်းကျောင်းမှုရှိသည့် နှုန်းရှင် ငွေလဲလှယ်နှုန်းစနစ်ကို စတင်ကျင့်သုံး လျက်ရှိကြောင်း၊ ယခုနိုင်ငံခြားငွေလဲလှယ် နှုန်းများသည် ဈေးကွက်အခြေအနေပေါ် အခြေခံထားခြင်းဖြစ်သည့်အတွက် ဗဟို ဘဏ်အနေဖြင့် ဈေးကွက်တွင် လိုအပ် ပါက ဝင်ရောက်ထိန်းကျောင်းပေးမည် ဖြစ်ကြောင်း၊ ဗဟိုဘဏ်အနေဖြင့် လိုအပ် သလို အမေရိကန် ဒေါ်လာဝယ်ယူခြင်း၊ ရောင်းချခြင်းများကို ဆောင်ရွက်မည်ဖြစ် ကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ခြင်း အကျိုးဆက်များကြောင့် ပြည်သူလူထု အတွင်း မြန်မာကျပ်ငွေ ပိုလျှံလွန်းမှု ရှားပါးမှုများ ဖြစ်ပေါ်လာစေနိုင်ကြောင်း၊ ထိုကဲ့သို့ ဖြစ်ပေါ်လာခြင်းကြောင့် ဈေးနှုန်းတည်ငြိမ်မှုပျက်ပြားခြင်း မရှိ စေရန် ငွေကြေးဖောင်းပွမှုများ ထိန်းသိမ်း ထားနိုင်စေရန်အတွက် ဗဟိုဘဏ်မှ ငွေကြေးမူဝါဒများကို ထိန်းသိမ်းသွားမည် ဖြစ်ကြောင်း၊ ယခု သင်တန်းအား FES, Germany နှင့် ထိုင်းနိုင်ငံဗဟိုဘဏ်တို့မှ အကူအညီပေး ဆောင်ရွက်ခြင်းဖြစ်ပြီး ဗဟိုဘဏ်မှ သင်တန်းသား ၂၅ ဦးဖြင့် ရက်သတ္တ နှစ်ပတ်ကြာ ဆွေးနွေးပို့ချခဲ့ ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်တွင်းပြည်ပ အနုပညာရပ်ဝန်း

ချစ်တယ်ပြောမှ လွှတ်မယ် ဇာတ်ကားသစ်ရုံတင်

ရန်ကုန် ဧပြီ ၅

ဧပြီ ၆ ရက်(သောကြာနေ့)တွင် ရန်ကုန်မြို့လယ် ရုံများဖြစ်သည့် သမ္မတ၊ သွင်၊ မင်္ဂလာ၊ မော်တင်ဂျန်းရှင်းနှင့် TOPROYAL ရုံများတွင် နေရီမင်း၏ ဇာတ်လမ်းကို နေစိုးသော် ဇာတ်ညွှန်းရေးပြီး ကိုဇော် (အရဏ်ဦး) ရိုက်ကူးသည့် ‘ချစ်တယ်ပြောမှ လွှတ်မယ်’ အချစ်ဟာသဇာတ်ကား ရုံတင်ပြသမည်ဖြစ်ပြီး ဤဇာတ်ကားတွင် နေတိုး၊ ဝေဠုကျော်၊ ရန်အောင်၊ သက်မွန်မြင့်၊ စိုးမြတ်နန္ဒာ၊ မို့မို့မြင့်အောင်၊ မေသဉ္ဇာဦးတို့နှင့် ဟာသပညာရှင်များစွာ ပါဝင်ကြသည်။

နိုင်ငံခြားရုပ်ရှင်

ရွှေ့ဆောင်ရုံတွင် အမေရိကန်ပြည်တွင်းစစ်မှ ကြည်းတပ် ဗိုလ်ကြီးတစ်ဦး မထင်မှတ်ဘဲ အင်္ဂါဂြိုဟ်သို့ရောက်သွားပုံကို စိတ်ဝင်စားဖွယ်ရိုက်ကူးထားသည့် JOHNCARTER ဇာတ်ကားပြသမည်ဖြစ်ပြီး နေပြည်တော်ရုံတွင် မူးယစ်ဆေးဝါးဂိုဏ်းနှင့် ပတ်သက်မိရာမှ ဒုက္ခမျိုးစုံကြုံတွေ့ရသူတစ်ဦး၏ အဖြစ်အပျက်ကို ဇာတ်လမ်းဖွဲ့ ရိုက်ကူးထားသည့် CONTRA BAND ဇာတ်ကြမ်းကား ပြသမည်ဖြစ်သည်။

‘ချစ်တယ်ပြောမှ လွှတ်မယ်’ ဇာတ်ကားမှ သက်မွန်မြင့်။

ကျွန်မက လီယိုနာဒိုထက် ပိန်ပါသည်ဟု ထင်နေသူ ကိတ်ဝင်းစလက်

နာမည်ကျော်မင်းသမီး ကိတ်ဝင်းစလက်နှင့် နာမည်ကျော်မင်းသား လီယိုနာဒို။

နာမည်ကျော်မင်းသမီး ကိတ်ဝင်းစလက်က ၎င်း၏ကမ္ဘာကျော်ရုပ်ရှင်ဇာတ်ကားဖြစ်သည့် Titanic ဇာတ်ကား ရိုက်ကူးခဲ့ စဉ်ကထက် မင်းသား လီယိုနာဒိုမှာ ပိုမိုဝလာပြီး မိမိမှာ လီယိုနာဒိုထက် ပိန်သည်ဟု ထင်မြင်ယုံကြည်ကြောင်း ထုတ်ဖော်ပြောကြားသည်။ အသက်(၃၆)နှစ်ရှိ ကိတ်ဝင်းစလက်က Titanic ဇာတ်ကားရိုက်ကူးခဲ့သည့် ၁၉၉၇ ခုနှစ်ကထက် အရာရာပြောင်းလဲသွားပြီဟု ထင်မြင်ယူဆကြောင်း ပြောကြားသည်။

“ကျွန်မတို့ အတော်ပြောင်းလဲသွားတယ်လို့ ထင်ပါတယ်။ ကျွန်မတို့အသက်တွေကြီးလာပြီ၊ အခုဆို လီယိုက (၃၇)နှစ်၊ ကျွန်မက(၃၆)နှစ်၊ Titanic ဇာတ်ကားရိုက်တုန်းက ကျွန်မတို့(၂၁)နှစ်၊ (၂၂)နှစ်အရွယ်တွေပေါ့။ အခုတော့ ရှင်တို့သိတဲ့အတိုင်းပဲ လီယိုက တော်တော်ဝလာတယ်။ ကျွန်မက သူ့ထက် ပိန်ပါသေးတယ်။ ကျွန်မထင်တာ မှန်တယ်မဟုတ်လား” ဟု ကိတ်ဝင်းစလက်က Daybreak ရုပ်သံလိုင်းမှ ဟာသနှော၍ ပြောကြားသည်။

ယခုအခါ Titanic ဇာတ်ကားကို Titanic သင်္ဘောကြီး နစ်မြုပ်ပျက်စီးခဲ့သည့် နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် အဖြစ် 3D (သုံးဖက်မြင်)ဖြင့် ပြန်လည်ထုတ်လုပ်ရန်စီစဉ်နေပြီး ကိတ်ဝင်းစလက်မှာ ၎င်း၏ ငယ်ဘဝရုပ်ပုံလွှာနှင့် မျက်နှာချင်းဆိုင်ရတော့မည်ဖြစ်သည်။

ကိတ်ဝင်းစလက်က ၎င်း၏ (၁၁)နှစ်အရွယ် သမီးငယ် မီယာနှင့် ရှစ်နှစ်အရွယ် သားငယ်ဂျိုးတို့အတွက် ယခုအချိန်တွင် ယင်းဇာတ်ကားကို ကြည့်ရှုရန် အချိန်ကိုက်ဖြစ်သည်ဟု ယုံကြည်ယူဆထားသည်။ **အင်တာနက်။**

အောင်မိုးစိုး

ယနေ့ ဖတ်စရာ မှတ်စရာ

နေသစ်ဦး

ပြောင်းဖို့အတွက် ပြင်မှရမယ်

ချမ်းသာခြင်းကို လူသားတိုင်းအလိုရှိကြသည်။ ချမ်းသာဖို့အတွက် အလုပ်ကောင်းဖို့လိုသည်။ အလုပ်ကောင်း ရဖို့အတွက် ယုံကြည်မှုက အရေးကြီးသည်။ ယုံကြည်မှုတည်ဆောက်နိုင်ဖို့အတွက် **အမှန်ကို ပြောရမည်။** ကျွန်ုပ်တို့နိုင်ငံသည် ဗုဒ္ဓဘာသာအထွန်းကားဆုံးနိုင်ငံဖြစ်သည်။ စေတီကျောင်းကန်၊ ရဟန်းသံဃာ၊ နိုင်ငံအနှံ့ လက်ညှိုးထိုးမလွဲ တည်ရှိသည်။ သံဃာတော်များကလည်း မကောင်းမှုကို ရှောင်၊ ကောင်းမှုကိုဆောင်၊ စိတ်ကို ဖြူအောင်ထားဖို့ ငါးပါးသီလမြဲဖို့ အမြဲသွန်သင်ဆုံးမနေကြသည်။ သို့ရာတွင် အများစုမှာ အခြေခံသီလမှ အသက်သတ်ခြင်း၊ ဥစ္စာခိုးခြင်းတို့ကိုသာ အပြစ်ကြီးသည်ဟု ယူဆပြီး လိမ်ညာပြောဆိုခြင်းကိုတော့ အပြစ်မကြီးသယောင် ပေါ့ပေါ့ပင် သုံးနေကြသည်။ ထိုသို့ ပေါ့ပေါ့ပင် သုံးလာသောအခါ တစ်ယောက်နှင့်တစ်ယောက် ယုံကြည်မှုမရှိကြတော့ဘဲ မယုံသင်္ကာစိတ်ဖြင့်သာ ဆက်ဆံနေကြသည်ကို ဝမ်းနည်းစွာ တွေ့ရတတ်သည်။ ယုံကြည်မှုမရှိပါက အလုပ်ကို လက်တွဲ၍ လုပ်ကိုင်ဖို့မဖြစ်နိုင်တော့ချေ။ စုပေါင်းလုပ်လျှင် အောင်မြင်မည်မှန်း သိသော်လည်း မယုံကြည်စိတ်ကြောင့် မလုပ်ဖြစ်ကြတော့ချေ။

ဘုရားကို ယုံကြည်စွာကိုးကွယ်အားထားကြသော်လည်း ဘုရားမကြိုက်သည့် မုသာဝါဒကို ပေါ့ပေါ့ပင် သုံးနေကြသည်။

ချမ်းသာကြွယ်ဝသည့် ဒီမိုကရေစီနိုင်ငံအဖြစ်သို့ တက်လှမ်းလိုလျှင် အရင်ဆုံး အမှန်ကိုသာ ပြောတတ်သည့် အကျင့်ကို စတင်၍ ကျင့်သုံးဖို့လိုမည်။ တစ်နိုင်ငံလုံးအားနှင့် စုပေါင်းကျင့်ကြလျှင် ချမ်းသာသည့်နိုင်ငံသို့ အမြန်ဆုံးရွေ့မည်ဖြစ်သည်။ ပဲကုန်သည်များ သိန်းပေါင်းသောင်းနှင့်ချီ၍ အလိမ်ခံရမှုများ၊ နိုင်ငံခြားငွေလွှဲသူများ သိန်းထောင်နှင့်ချီ၍ အလိမ်ခံရမှုများ စသည်တို့မှာ လိမ်ညာမှု၏ အကျိုးဆက်များပင်။

ခေါင်းဆောင်များကိုချည်း အားကိုးမနေဘဲ မိမိတို့ကိုယ်တိုင်လည်း ကျင့်ကြံအားထုတ်၊ မိမိရဲ့သားသမီး၊ ဆွေမျိုးသားချင်း၊ တပည့်ဝန်ထမ်းတွေကိုလည်း ထိထိရောက်ရောက် သွန်သင်ပေးခြင်းအားဖြင့် နိုင်ငံသစ်တွင် လူသစ်စိတ်သစ်များနှင့် ပြောင်းလဲပြီး လုပ်ကိုင်ကြမည်ဆိုလျှင် ချမ်းသာခြင်းသည် မိမိတို့အရှေ့တွင် စောင့်နေမည်၊ ဆင်းရဲခြင်းက လွတ်ကင်းကြတော့မည်မှာ အမှန်ပင်ဟု ဆိုချင်ပါသည်။

ဥပမာ ချမ်းသာတိုးတက်နေသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့် ဂျပန်နိုင်ငံသည် ယခုအခါ ဗုဒ္ဓဘာသာ သာသနာ ညှိုးမှိန်ပြီး ကွယ်ပျောက်လုနီးပါးဖြစ်နေပြီ။ စေတီ၊ ကျောင်းကန်၊ ရဟန်းများလည်း နည်းပါးနေပြီ။ သို့သော် ရှေးဘိုးဘွားများလက်ထက် သာသနာထွန်းကားခဲ့စဉ်က ဘုရားအဆုံးအမ သီလထဲမှ မုသာဝါဒ လိမ်လည်ပြောဆိုခြင်းကို ရှောင်ကြဉ်ရမည်ဆိုသည့်တရားကို ယခု သားစဉ်မြေးဆက် နိုင်ငံစောင့်တရားကဲ့သို့ ထိန်းသိမ်းလာခဲ့ကြသည့်အတွက် ချမ်းသာခြင်း၊ တိုးတက်ခြင်း အကျိုးတရားများကို လက်တွေ့ခံစားနေကြရသည်ကို မြင်တွေ့ရမည်ဖြစ်သည်။

အလုပ်ခွင်တစ်ခုတွင် ဂျပန်လုပ်သားလေးတစ်ယောက်၊ လူတစ်ယောက်မျှ မရှိသည့် အခန်းထဲ၌ ပန်းကန်ပြားကျကွဲသွားသည်ကို ဘယ်သူမျှမမြင်သော်လည်း ဖုံးကွယ်မထားဘဲ အလုပ်ရှင်လာသည်နှင့် အမှန်ကို ပြောပြတောင်းပန်ပြီး မိမိလခထဲမှ ဖြတ်ပါဟု ပြောဆိုနေသည်ကို တွေ့ရသည်။ အလုပ်ရှင်ကလည်း မှန်တာပြော၍ ဝန်ခံသည်ကို နားထောင်ပြီး နောင် ယခုလိုမဖြစ်ဖို့၊ ဂရုစိုက်ကိုင်တွယ်ဖို့ ဆုံးမပြီး အလျော်မယူဘဲ ကျေအေးပေးလိုက်သည်။

အမှုက သည်မှာတင်ပြီးပြတ်သွားသည်။ နှစ်ဦးလုံးစိတ်လက်ပေါ့ပါးသွားသည်။ အကယ်၍ ဖုံးဖိထားပါက တစ်ချိန်တွင် ပေါ်ခဲ့သော် လိမ်ညာဖုံးကွယ်မိသည့်အတွက် အပြစ်က ပိုကြီးသွားမည်။ တောင်းပန်လို့လည်း ခွင့်လွှတ်မည်မဟုတ်။ ယုံကြည်မှုလည်း ပျက်ပြားသွားပြီး အမြဲမယုံသင်္ကာဖြစ်ခြင်းကို ခံရပေတော့မည်။

လူငယ်ကလည်း မှန်တာကို ဝန်ခံသည်။ လူကြီးကလည်း ဉာဏ်ကြီးစွာဖြင့် ဆူပူကြိမ်းမောင်းခြင်းမပြုဘဲ နောင်ဂရုစိုက်လုပ်ဖို့သာ ဆုံးမသည်။ အကယ်၍ ဉာဏ်နည်းစွာဖြင့် ရိုက်နှက်ကြိမ်းမောင်းပါက ကြောက်စိတ်ဝင်သွားပြီး နောင်အခါတွင် အမှန်ကို မပြောတော့ဘဲ လိမ်ညာသည့်ဘက်သို့ စိတ်ပြောင်းသွားနိုင်သည်ကို သတိပြုရပေမည်။

ဂျပန်မိဘများက သားသမီးကို ဥစ္စာအမွေထက်ပို၍ ခိုင်မြဲသည့် မလိမ်ညာရဆိုသည့် သီလအမွေကို ပေးခဲ့သဖြင့် မိမိ၏ သားသမီးများကြီးပြင်းလာသည့်အခါ မလိမ်ညာတတ်သည့်အတွက် လူအများ၏ ယုံကြည်မှုကိုရရှိပြီး ယုံကြည်မှုမှတစ်ဆင့် တာဝန်ပေးမှု၊ အလုပ်ကောင်းမှု၊ ဝင်ငွေကောင်းမှုတို့ကို အဆင့်ဆင့်ဖြစ်ပေါ်ပြီး တိုးတက်ချမ်းသာလာကြသည်ကို လက်တွေ့မြင်တွေ့ခဲ့ရသည်။ ဘယ်အရာရှိကမျှ ရိုးသားကြောင်း ထောက်ခံချက်ပေးရန် မလိုအပ်ပါ။ မိမိကိုယ်ကို မိမိတာဝန်ယူပြီး ဖြစ်နေသည်မှာ လူကြီးမိဘတို့၏ သွန်သင်မှုကောင်း၍ဖြစ်သည်။

မုသာဝါဒ ရှောင်ကြဉ်ခြင်းကို လူမျိုး၏ ဂုဏ်သိက္ခာအဖြစ်စောင့်ထိန်းကြသည်။ ဂျပန်လူမျိုး ဘယ်တော့မှမလိမ်တတ်ဘူးဟု ရဲရဲကြီးပြောကြသည်။ စုန်းပြူး အနည်းငယ်ရှိနိုင်သော်လည်း အများစုက မလိမ်တတ်ကြပါ။ ကိုယ်က မလိမ်တတ်၍ အခြားသူကိုလည်း ယုံကြည်မှုအပြည့်ရှိကြသည်။ နောက်ထပ်ဥပမာတစ်ခုမှာ ဂျပန်တွင် အလုပ်လုပ်ကြသည့် နိုင်ငံခြားသားအများစုမှာ ဗီဇာသက်တမ်းကုန်နေကြသဖြင့် အလုပ်ရရန်အတွက် ဗီဇာသက်တမ်းရှိသည့် မိတ်ဆွေတစ်ဦးထံမှ ပတ်(စ်)ပို့၄ား၍ မိမိဓာတ်ပုံပြောင်းကပ်ပြီး မိတ္တူဆွဲကာ အတုပြုလုပ်သည်။ ၎င်းမိတ္တူဖြင့် မိမိမှာ ဗီဇာရှိသလိုနှင့် အလုပ်သွားလျှောက်လျှင် မိတ္တူကြည့်၍ အလုပ်လက်ခံလိုက်သည်။ မူရင်းကိုတောင်းမကြည့်ပါ။ မိမိလူမျိုးက မလိမ်တတ်သဖြင့် အခြားလူမျိုးကိုလည်း မလိမ်တတ်ဟု သံသယမရှိဘဲ ချက်ချင်းယုံကြည်ပေးလိုက်သည်။ ဤသည်ကိုပင် လိမ်သည့်လူက ဂျပန်တွေငါတို့အလိမ် ခံရသည်၊ တုံးသည်၊ အ,သည်ဟု မှတ်ချက်ပြုကြသည်။ ဂျပန်တွေမတုံးပါ။ လူ့ဂုဏ်သိက္ခာနှင့် ပြည့်စုံ၍ အဆင့်မြင့်နေခြင်းသာဖြစ်သည်ကို အဆင့်နိမ့်သည့်လူလိမ်က မသိရှာပါ။ ကိုယ့်လောက်မတော် ကိုယ့်ထက်ညံ့သည်ဟု မရှက်မကြောက် မိမိကိုယ်ကို ထင်မိကြသည်။

သူတို့၏ ချမ်းသာခြင်းသည် သူတို့၏ ရိုးဖြောင့်ခြင်း၊ အမှန်ကိုသာပြောဆိုခြင်း၊ ကိုယ်ချင်းစာစိတ်ရှိခြင်းဆိုသည့် အကြောင်းကောင်း၍ အကျိုးကောင်းနေခြင်းဖြစ်ပါသည်။ ဂျပန်အိမ်တွင် ဘုရားစင်မရှိသော်လည်း ဘုရားကြိုက်သည့်စိတ် ထားရှိကြသည်။ အောက်လူက အထက်လူကို မလိမ်ပါ။

အိမ်တွင် ဘုရားစင်ကြီးခမ်းနားစွာ လူအထင်ကြီးအောင်ဘယ်လိုပင်ထားထား လိမ်ညာလှည့်ဖျား လုပ်ကိုင်နေသူများကိုတော့ ဘုရားကြိုက်နှစ်သက်လိမ့်မည် မဟုတ်ပေ။ လိမ်လည်ခြင်းဆိုသည့် အကြောင်းမကောင်းပါက အကျိုးလည်းကောင်းနိုင်လိမ့်မည်မဟုတ်ပေ။ ခေတ်သစ်စနစ်သစ်သို့ ပြောင်းလဲနေသည့်အချိန်တွင် မိမိတို့နိုင်ငံသားအားလုံးလည်း စိတ်သစ်၊ လူသစ်နှင့် မှန်တာကိုပြော၊ ဟုတ်တာကို လုပ်ကြမည်ဆိုလျှင် မိမိတို့ လိုချင်သည့် ပြည့်စုံချမ်းသာသည့် ခေတ်မီနိုင်ငံသို့ အမြန်ဆုံးရောက်ရှိမှာ မြေကြီး လက်ခတ်မလွဲနိုင်ပေ။ လူအချင်းချင်း လှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ။ ။

ဝါးကတုတ်ရေကူရေလှောင်တမံနှင့် ရေထိန်းမျှော်စင်ကို တွေ့ရစဉ်။

ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးစွမ်းအား မြင့်မားတိုးတက်စေရန်အတွက် တည်ဆောက်ပေးထားသော ဝါးကတုတ်ရေကူရေလှောင်တမံနှင့် ရဲနွယ်ရေလွှဲဆည်

ရဲနွယ်ရေလွှဲဆည်၏ ရေထိန်းတံခါးများကို တွေ့ရစဉ်။

ဝါးကတုတ်ရေကူရေလှောင်တမံ

* ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် တောင်ဆတ်အင်းကျေးရွာအနီး တည်ဆောက်ထားသည်။
* တမံအမြင့် ၈၆ ပေ၊ ပင်မတံတား အလျားပေ ၆၄၀၀ နှင့် ကုန်းကျောတမံ ၃၁၅၅ ပေရှိသည်။
* ကန်ရေပြည့်ရေလှောင်ပမာဏသည် ဧကပေ ၃၂၆၀၀ ရှိသည်။
* သနပ်ပင်နှင့် သုံးခွဒေသရှိ လယ်မြေ ဧက ၁၂၀၀ ခန့်ကို စိုက်ပျိုးရေ ပေးဝေနိုင်သည်။

ရဲနွယ် ရေလွှဲဆည်

* ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဆီဆုံကုန်းကျေးရွာအနီး တည်ဆောက်ထားသဖြင့် ကျောက်တံခါးမြို့နယ်တွင် စိုက်ပျိုးစွမ်းအား မြင့်မားလာသည်။
* စိုက်ပျိုးလယ်မြေဧက ၁၁၈၅၀၀ အား ဆည်ရေပေးဝေနိုင်ရန် တည်ဆောက်ထားသဖြင့် နွေစပါးအပြင် သီးထပ်များပါ စိုက်ပျိုးကြသည်။
* ရေလွှဲဆည် အလျား ၁၅၄ ပေ၊ အကျယ် ၉၉ ပေရှိ၍ အမြင့် ၁၇ ဒသမ ၅ ပေရှိသည်။ ၁၀ ပေ × ၁၅ ပေ တံခါးပေါက် ငါးပေါက်ပါရှိသည်။
* ညောင်လေးပင်နှင့် စစ်တောင်းမြစ်အကြား ပြွန်တန်ဆာလွင်ပြင် ရေကြီးရေနစ်မြုပ်ခြင်းမှ ကာကွယ်ပေးနိုင်သည်။

ရဲနွယ်ရေလွှဲဆည်ကို ရေထိန်းတံခါး ရေလွှဲပေါက်များနှင့်အတူ တွေ့ရစဉ်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

အကြိမ်(၂၀)မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးပိတ်ပွဲကို ဖနောင်ပင်မြို့ရှိ Peace Palace တတိယထပ် Champa Room ၌ ကျင်းပစဉ်။

(သတင်းစဉ်)

*ပြည်ထောင်စုမှ

အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာ ဆူရင်ပစ်ဆူဝမ်၊ အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံ အလှည့်ကျဥက္ကဋ္ဌ အိမ်ရှင် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်က အာဆီယံအသိုက်အဝန်း ထူထောင်ရေး၊ ဖနောင်ပင်ကြေညာချက်နှင့် လုပ်ငန်းစဉ်၊ ၂၀၁၅ ခုနှစ်တွင် မူးယစ်ဆေးဝါးကင်းစင်သည့် အာဆီယံဒေသဖြစ်ပေါ်ရေး၊ နှစ် ၄၀ ကျော်ကာလအတွင်း အာဆီယံအဖွဲ့ကြီး တိုးတက်ပြောင်းလဲလာမှု၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံရေးနှင့် စီးပွားရေးပေါင်းစည်း ဆောင်ရွက်မှုကြောင့် အာဆီယံနိုင်ငံများ အကျိုးဖြစ်ထွန်းမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖနောင်ပင်မြို့၌ရောက်ရှိနေသည့် NHK သတင်းဌာန၊ CCTV သတင်းဌာနနှင့် Myanmar International Channel တို့မှ သတင်းထောက်များအား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၅

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပလျက်ရှိသည့် အကြိမ်(၂၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဧပြီ ၄ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ ခေတ္တတည်းခိုသည့် Cambodiana ဟိုတယ်၌ အာဆီယံထိပ်သီးအစည်းအဝေးသို့ လာရောက်သတင်းရယူလျက်ရှိသည့် NHK သတင်းဌာန၊ CCTV သတင်းဌာနနှင့် Myanmar International Channel တို့မှ သတင်းထောက်များအား လက်ခံတွေ့ဆုံသည်။

တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဦးကျော်ဆန်းနှင့် ဦးတင်နိုင်သိန်းတို့ တက်ရောက်ကြသည်။

တွေ့ဆုံရာ၌ အဆိုပါ သတင်းဌာနများမှ သတင်းထောက်များ၏မေးမြန်းချက်များကို နိုင်ငံတော်သမ္မတက ပြန်လည်ဖြေကြားခဲ့သည်။

(သတင်းစဉ်)

လက်ခံတွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖနောင်ပင်မြို့ Cambodiana ဟိုတယ်၌ NHK သတင်းဌာန၊ CCTV သတင်းဌာနနှင့် Myanmar International Channel တို့မှ သတင်းထောက်များအား လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

☆ရှေ့ဖုံးမှ

ဆမ်ဒက်ဟွန်ဆန်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတ ဒေါက်တာဘူဒီအိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာသွန်ဆင်းသမာဗောင်၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီမိုဟာမက်နာဂျစ်ဘင်တွန်း ဟာဂျီအဗ္ဗဒူရာဇတ်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာဘီနင်နိုအကွီနို၊ စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လတ်ရှင်နာဝပ်၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းတို့နှင့် အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်၊ အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံ အလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများသည် အာဆီယံဒေသ၏ အေးချမ်းတည်ငြိမ်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်နှင့် နိုင်ငံတကာနှင့် ဒေသဆိုင်ရာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ (သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၅

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်းသည် ဧပြီ ၁ ရက် ညနေ ၃ နာရီတွင် ပူတာအိုလေဆိပ် ဧည့်ခန်းမဆောင်၌ တာဝန်ရှိသူများအား တွေ့ဆုံ၍ လေယာဉ်ပြေးလမ်းတိုးချဲ့ရေး စီမံကိန်းလုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးရေးမှာကြားပြီး ဖုန်ကန်ရာဇီခန်းမ၌ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဟိုခိုရပ်ကွက် ရေတိုက်စားမှုကာကွယ်ရေး ဆောင်ရွက်ထားရှိမှု၊ မန်စေကြိုးတံတား ဆောက်လုပ်ပြီးစီးမှုနှင့် ဒါကူရှီဇားကြိုးတံတားတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဧပြီ ၂ ရက်တွင် ပူတာအိုမြို့နယ် ထဝါဒမ်းကျေးရွာ၌ ဒေသခံများအား တွေ့ဆုံအားပေးကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ထောက်ပံ့ငွေများ ပေးအပ်သည်။ ယင်းနောက် ကောင်းမှုလုံကြိုးတံတားကို စစ်ဆေးပြီး ကောင်းမှုလုံစေတီတော်၊ ရှေးဟောင်း ရုပ်တုများနှင့် တောင်တန်းသာသနာပြုဆရာတော်တို့အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် မချမ်းဘောလမ်းဆုံ၌ ပူတာအို-ထဝါဒမ်း-ကောင်းမှုလုံ-နောင်မွန်းလမ်းပိုင်း ကောင်းမွန်ရေးဆောင်ရွက်နေမှု၊ မြို့မရပ်ကွက်ရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပြခန်းနှင့် မလိခကြိုးတံတား တည်ဆောက်ရေးလုပ်ငန်းတို့ကိုလည်း ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲ ၁ နာရီခွဲတွင် မချမ်းဘောမြို့ ဂူဘားခန်းမ၌ ဌာနဆိုင်ရာများ၊ ဒေသခံများနှင့် တွေ့ဆုံပြီး ဂူဘားရိပ်သာ ပြုပြင်ရန် ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ မချမ်းဘောမြို့ ကွက်သစ်ဖော်ထုတ်ရန် လျာထားသည့်နေရာကို ကြည့်ရှုပြီး မြို့နယ်ဆေးရုံ၌ လူနာများအား အားပေး၍ ထောက်ပံ့ငွေများ ပေးအပ်သည်။ ညနေ ၆ နာရီခွဲတွင် ပူတာအိုမြို့ ပြည်သူ့ဆေးရုံကြီး၌ လူနာများအား အားပေးစကား ပြောကြားခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဧပြီ ၃ ရက် နံနက် ၇ နာရီခွဲတွင် ပူတာအိုမြို့နယ် မူလာရှီးဒီကျေးရွာ၌ ဒေသခံများနှင့် တွေ့ဆုံပြီး မူလာရှီးဒီကြိုးတံတားကို ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပူတာအိုမြို့ ဒုတ္ထတန်ရပ်ကွက်ရှိ နည်းပညာအထက်တန်းကျောင်းနှင့် အစိုးရစက်မှုလက်မှု သိပ္ပံ တည်ဆောက်ရေးစီမံကိန်းနှင့် ထူးဖောင်ဒေးရှင်း ပညာဒါနဘော်ဒါဆောင်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်း ပူတာအို မြို့ ပြည်သူ့ ဆေးရုံကြီး၌ လူနာများအား ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေ (Condom… မူကြမ်းနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစ…

နေပြည်တော် ဧပြီ ၅

စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာဥပဒေ (Condominium Law) မူကြမ်းနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၃ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က အဖွင့်အမှာစကားပြောကြားပြီး ဥပဒေ(မူကြမ်း)တွင် အပြီးသတ် ပြဋ္ဌာန်းချက်များ ထည့်သွင်းရေးဆွဲနိုင်ရေးအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ နိုင်ငံခြား စီးပွားဆက်သွယ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ပြည်တွင်းအခွန်များ ဦးစီးဌာန၊ မြန်မာ့အာမခံ လုပ်ငန်း၊ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး

မြောက်ပိုင်းဒေသများ မိုးဆက်လက်ထစ်ချုန်းရွာမည်

နေပြည်တော် ဧပြီ ၅

ယနေ့နံနက် ၉ နာရီခွဲထိမိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့်

❋ ပြည်ထောင်စုမှ

အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာ ဆူရင်ပစ်ဆူဝမ်၊ အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံ အလှည့်ကျဥက္ကဋ္ဌ အိမ်ရှင် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက် ဟွန်ဆန်က အာဆီယံအသိုက်အဝန်း ထူထောင်ရေး၊ ဖနောင်ပင်ကြေညာချက်နှင့် လုပ်ငန်းစဉ်၊ ၂၀၁၅ ခုနှစ်တွင် မူးယစ်ဆေးဝါးကင်းစင်သည့် အာဆီယံဒေသဖြစ်ပေါ်ရေး၊ နှစ် ၄၀ ကျော်ကာလအတွင်း အာဆီယံအဖွဲ့ကြီး တိုးတက်ပြောင်းလဲလာမှု၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံရေးနှင့် စီးပွားရေးပေါင်းစည်း ဆောင်ရွက်မှုကြောင့် အာဆီယံနိုင်ငံများ အကျိုးဖြစ်ထွန်းမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

○ ကျောဖုံးမှ

တာဝန်ရှိသူများ၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးချိုထွန်းအောင်၊ စစ်သံမှူး ဗိုလ်မှူးချုပ်အောင်နိုင်နှင့် သံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများက ဖနောင်ပင်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ လိုက်ပါလျက် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းအထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

	အမည်၊ လက်ရှိရာထူး၊ ဌာန	ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန
(က)	ဒေါက်တာရီရီဝင်း ပါမောက္ခ သမဝါယမဒီဂရီကောလိပ်(သန်လျင်) သမဝါယမဝန်ကြီးဌာန	ကျောင်းအုပ်ကြီး သမဝါယမကောလိပ်(စစ်ကိုင်း) သမဝါယမဝန်ကြီးဌာန
(ခ)	ဒေါက်တာအောင်မျိုး ညွှန်ကြားရေးမှူးချုပ် စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန
(ဂ)	ဦးအေးကို ညွှန်ကြားရေးမှူးချုပ် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်အား ယင်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ် အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

လက်ခံတွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖနောင်ပင်မြို့ Cambodiana ဟိုတယ်၌ NHK သတင်းဌာန၊ CCTV သတင်းဌာနနှင့် Myanmar International Channel တို့မှ သတင်းထောက်များအား လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

လက်ခံတွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများအား ကမ္ဘောဒီးယားနိုင်ငံ ဘုရင် ပရယ် ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီက ဖနောင်ပင်မြို့ရှိ Royal Palace ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်း-ကျောဖုံး) (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၆-၄-၂၀၁၂ (သောကြာနေ့)

[၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်နေ့ (ဥပုသ်နေ့)]

၇:၀၀	ပရိတ်တရားတော်
၇:၄၀	ဓမ္မနုဂ္ဂဟဓမ္မကဌာ (ရွှေယမင်းဦး၊ တေးရေး-မျိုးနွယ်ဆွေ၊ စကားပြော-သိန်းလှမော်)
၈:၁၀	ခါသကြိန်အဆိုအကများ
၈:၄၀	မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်းတရားတော်
၄:၀၅	ခါသကြိန်အဆိုအကများ
၄:၅၀	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)
၅:၄၀	ကြည်ညိုဦးခိုက်ဖူးလိုက်စို့ တူပျော် မန်းရွှေစက်တော်
၅:၅၀	"စုစည်းခံစားကမ္ဘာ့အားကစား"
၆:၂၀	ချင်းတွင်းအနောက် ခရီးတစ်ခေါက် (အပိုင်း-၂)
၆:၄၅	ရသစုံလင်အင်တာနက်ဥယျာဉ်
၇:၀၀	ခါသကြိန်အဆိုအကများ
၈:၀၀	ပြည်တွင်းသတင်း -လျှပ်တစ်ပြက်ဟာသများ **-နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာအသင်္ချေ" (အပိုင်း-၂၁)** -သီချင်းချစ်သူ

ပထမအကြိမ် ရောဝတီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပ

နေပြည်တော် ဧပြီ ၅

ပထမအကြိမ် ရောဝတီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ဧပြီ ၄ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်နှင့် လွှတ်တော်ကိုယ်စားလှယ် ၆၅ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဒေသန္တရစီမံကိန်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ရောဝတီတိုင်းဒေသကြီး ကျေးရွာထင်းစိုက်ခင်း ဥပဒေကြမ်းကို တင်သွင်းခြင်း၊ မြေယာမှုခင်းများ အမြန်ပြီးပြတ်အောင် ဆောင်ရွက်ပေးရေး တိုင်းဒေသကြီးအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးခြင်းနှင့် လွှတ်တော်က သဘောတူသဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က စနစ်တကျ စီမံချက်ချမှတ်ဆောင်ရွက်ရန် ဆုံးဖြတ်ခြင်း၊ မြေယာခွန် စည်းကြပ်ကောက်ခံခြင်းဆိုင်ရာ ဥပဒေကြမ်းအား အစိုးရအဖွဲ့မှ ရေးဆွဲပြီး ရောဝတီတိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြရေး တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးခြင်းနှင့် အတည်ပြုခြင်း၊ တောင်သူလယ်သမားများ၏ အခြေခံစီးပွားရေးဘဝ မြှင့်တင်ပေးရန် အစိုးရအဖွဲ့မှ အစီအမံကောင်းများ လျင်လျင်မြန်မြန် အကောင်အထည်ဖော်ရေး တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးခြင်းနှင့် လွှတ်တော်က သဘောတူသဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က စနစ်တကျစီမံချက်ချမှတ်၍ လျင်လျင်မြန်မြန်ဆောင်ရွက်ရန် ဆုံးဖြတ်ခြင်း၊ အထောင်ကျေးရွာအုပ်စုအား မြို့အဆင့်တိုးမြှင့်ပေးရေး တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးခြင်းနှင့်အတည်ပြုကြောင်း ကြေညာခြင်းတို့ဆောင်ရွက်ပြီး အစည်းအဝေးကို ညနေ ၃ နာရီခွဲတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ပထမအကြိမ် ရောဝတီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန် အစည်းအဝေး နဝမနေ့ ကျင်းပစဉ်။

(သတင်းစဉ်)

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့နှင့် တွေ့ဆုံ

နေပြည်တော် ဧပြီ ၅

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်သည် မတ် ၃၀ ရက် ညနေ ၄ နာရီတွင် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်ကျော်နှင့် တာဝန်ရှိသူများအား တွေ့ဆုံပြီး မြို့ပြဖွံ့ဖြိုးတိုးတက်ရေး အတွက် ငွေကျပ် ၁၀ သိန်း၊ ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၀ သိန်း၊ တအာင်းစာပေနှင့် ယဉ်ကျေးမှုအတွက် ငွေကျပ် ငါးသိန်းတို့ကို တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် နမ့်ဆန်မြို့ မြို့မဂိုဏ်းချုပ် ကျောင်းကြီးကျောင်းထိုင် ဆရာတော်အား လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဧပြီ ၁ ရက် နံနက်ပိုင်းတွင် နမ့်ဆန်မြို့ မြို့နယ်ပြည်သူ့ဆေးရုံနှင့် လွယ်ခမ်း လက်ဖက်ခြောက်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး မန်ခိုက်ရပ်ကွက် ဇယ်တုံစံကျောင်းတိုက် အထက်ဘုရားကြီး မဟာမုနိရုပ်ပွားတော်အား ပန်း၊ ဆီမီး ကပ်လှူပူဇော်၍ ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နမ့်ဆန်မြို့နယ် တောင်မကျေးရွာရှိ အလောင်းစည်သူမင်းကြီး တည်ထားခဲ့သော မဏိစည်သူဘုရားနှင့် ရှေးဟောင်းစေတီပုထိုးများအား လှည့်လည်ဖူးမြော်ကြည်ညိုခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

...တ်အအုံဆိုင်ရာ ဥပဒေ (Condominium Law)
...ပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

...၅
...်အအုံ ...inium ...ဉ်းသည့် ...၃ ရက် ... မြို့ရွာ ...ရုံးချုပ်) ...င်းပရာ ...ဒုတိယ

ဝန်ကြီး ဦးစိုးတင့်က အဖွင့်အမှာစကားပြောကြားပြီး ဥပဒေ(မူကြမ်း)တွင် အပြီးသတ် ပြဋ္ဌာန်းချက်များ ထည့်သွင်းရေးဆွဲနိုင်ရေးအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ နိုင်ငံခြား စီးပွားဆက်သွယ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ပြည်တွင်းအခွန်များ ဦးစီးဌာန၊ မြန်မာ့အာမခံ လုပ်ငန်း၊ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီများ၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ အထပ်မြင့် အဆောက်အအုံစစ်ဆေးရေးအဖွဲ့နှင့် ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများက အကြံပြုဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

...ား မိုးဆက်လက်ထစ်ချုန်းရွာမည်

...ပြည်တော် ဧပြီ ၅

...ထိမိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်

...တွင်းက ရောဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ...သင့်အတင့်ဖြစ်ထွန်းပြီး စစ်ကိုင်းတိုင်းဒေသကြီး ...ဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယား ...များ၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **နေ့အပူချိန်များမှာ** ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ် မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ချင်းပြည်နယ်တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်၊ မင်းဘူးမြို့နှင့် ဂန့်ဂေါမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ဘီးလင်းမြို့တွင် ၃ ဒသမ ၁၁ လက်မ၊ လောင်းလုံမြို့တွင် ၂ ဒသမ ၁၇ လက်မ၊ သထုံမြို့တွင် ၁ ဒသမ ၉၃ လက်မ၊ မြိတ်မြို့တွင် ၁ ဒသမ ၈၉ လက်မ၊ သိမ်ဇရပ်မြို့တွင် ၁ ဒသမ ၄၆ လက်မ၊ တမူးမြို့တွင် ၁ ဒသမ ၃၀ လက်မ၊နမ့်စန်မြို့တွင် ၁ ဒသမ ၁၈ လက်မနှင့် မိုင်းဆတ်မြို့တွင် ၁ ဒသမ ၀၂ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သို့ ဘောလုံးများ လှူဒါန်း

ရန်ကုန် ဧပြီ ၅

ဂျပန်ဘောလုံးအဖွဲ့ချုပ်မှ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သို့ ဘောလုံးနှင့်ဆက်စပ်ပစ္စည်းများ လှူဒါန်းပွဲကို ယနေ့ညနေ ၄ နာရီခွဲက အဖွဲ့ချုပ်ရုံးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr.Takashi Saito၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင်အာရှရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr.Kunio Umeda နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ညွှန်ကြားရေးမှူးချုပ် Mr.Kunio Umedaတို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ ဂျပန်ဘောလုံးအဖွဲ့ချုပ်မှ လှူဒါန်းသည့်ဘောလုံး အလုံး ၅၀နှင့် ဆက်စပ်ပစ္စည်းများကို ညွှန်ကြားရေးမှူးချုပ် Mr.Kunio Umeda က လှူဒါန်းရာ ဥက္ကဋ္ဌ ဦးဇော်ဇော်က လက်ခံရယူသည်။**(ယာပုံ)** ထို့နောက် ဥက္ကဋ္ဌ ဦးဇော်ဇော်က အမှတ်တရ လက်ဆောင်များ ပြန်လည်ပေးအပ်သည်။ (ကြေးမုံ)

Double Strong Cup, Sepaktakraw Championship 2012 စာနယ်ဇင်းရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၅

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်နှင့် Double Strong တို့ ပူးပေါင်းကျင်းပသည့် Double Strong Cup, Sepaktakraw Championship 2012 ပြိုင်ပွဲ စာနယ်ဇင်းရှင်းလင်းပွဲကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သယ်န်းကျွန်းမြို့နယ်ရှိ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် လေ့ကျင့်ရေးစခန်းဧည့်ခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲ၏ ပထမအကြိမ် ပတ်လည်ဆီမီးဖိုင်နယ်ပြိုင်ပွဲကို ဧပြီ ၂၅ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌လည်းကောင်း၊ ဒုတိယအကြိမ် ပတ်လည်ဆီမီးဖိုင်နယ်ပြိုင်ပွဲကို မေ ၂၃ ရက်မှ ၂၇ ရက်အထိ မန္တလေးမြို့ ဗထူးအားကစားကွင်း၌ လည်းကောင်း ကျင်းပပြီး တတိယအကြိမ် ပတ်လည်ဆီမီးဖိုင်နယ်ပြိုင်ပွဲနှင့် ဖိုင်နယ်ပြိုင်ပွဲများကို ဇူလိုင် ၉ ရက်မှ ၁၅ ရက်အထိ မော်လမြိုင်မြို့ မော်လမြိုင်အားကစားကွင်း၌ ကျင်းပသွား မည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ဇွဲကပင်ယူနိုက်တက်အသင်းအား ဂုဏ်ပြု

ရန်ကုန် ဧပြီ ၅

၂၀၁၂ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ပွဲစဉ်(၁၁)တွင် ချင်းယူနိုက်တက်အသင်းကို အနိုင်ရရှိခဲ့သော ဇွဲကပင်ယူနိုက်တက်အသင်းအား ဂုဏ်ပြုပွဲကို ဧပြီ ၃ ရက် ညပိုင်းက ကုန်သည်ကြီးများဟိုတယ်တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဇွဲကပင်ယူနိုက်တက်အသင်းပိုင်ရှင် ဦးလှဌေးက နိုင်ပွဲရရှိခဲ့သည့် ဇွဲကပင်ယူနိုက်တက်အသင်းအား ဂုဏ်ပြုဆုငွေကျပ် သိန်း ၃၀ ပေးအပ်ချီးမြှင့်သည်။**(ဝဲပုံ)** ဆက်လက်၍ အသင်းပိုင်ရှင် ဦးလှဌေးက ဂိုးများသွင်းယူပေးခဲ့သည့် လန်ဒရိုနှင့် ရဲလင်းအောင်၊ ဂိုးရရှိအောင် ဖန်တီးပေးခဲ့သည့် ကိုထွေးနှင့် ဇွန်မိုးအောင်တို့အား ဂုဏ်ပြုဆုငွေများ ထပ်မံချီးမြှင့်ပြီး ဂုဏ်ပြုညစာဖြင့် တည့်ခင်းဧည့်ခံသည်။ (ကြေးမုံ)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဧပြီ ၅

ဦးမောင်မောင်လေး(ခေါ်) ဦးမောရစ်ကျော်ဇော်သည် ကစားဖော်များဖြစ်ကြသော ဦးမျိုးသိန်း၊ ဦးကြည်ဝင်း၊ ဦးချစ်မောင်တို့နှင့်အတူ မတ် ၃၁ ရက်က မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားစဉ် Taylarmade PENTA No.(1)ဘောလုံးကို Maruman(Verity Red V) Iron No.(7) သံတုတ်ဖြင့်ရိုက်လိုက်ရာ ၁၅၄ ကိုက်အကွာရှိ ကျင်းအမှတ်(၅)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်းသိရသည်။ (ကြေးမုံ)

တတိယအကြိမ် စိန်ခေါ်ထိုးသတ်ကြမည့် ဖိုးကေနှင့်တွေ့မရှောင်တို့ကို စီစဉ်သူ ဦးစိုးသန်းဝင်းနှင့်အတူ တွေ့ရစဉ်။

ဘိလိယက်အသိမှတ်ပြုလွှာများ လာရောက်လဲလှယ်နိုင်

ရန်ကုန် ဧပြီ ၅

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံဘိလိယက်နှင့်စနူကာ အဖွဲ့ချုပ်သည် မြန်မာနိုင်ငံအနှံ့ မြို့နယ်တိုင်းတွင် ဘိလိယက်ခုံများကို အားကစားနည်းတစ်ရပ်အနေဖြင့် ခုံအကျယ်အဝန်း (5'×10') (6'×12')အရွယ်ရှိ အဆင့်မီ ဘိလိယက်ခုံများရှိသော အားကစားအသင်းများ ဘိလိယက်ခုံများကို သပ်ရပ်စွာပြုလုပ်ထားရှိပြီး အားကစားအသင်းများ လောင်းကစားမှုကင်းရှင်း၍ အားကစားအသွင်ဖြင့် ကစားနေသော ကလပ်အသင်းများအား နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် အသိအမှတ်ပြုလွှာများ ထုတ်ပေးလျက်ရှိသည်။

သို့ဖြစ်ပါ၍ ဘိလိယက်ခုံတည်ထောင်ဖွင့်လှစ်ထားသော အားကစားအသင်း/ကလပ်များသည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် အဖွဲ့ချုပ်တွင် အသင်းဝင်အသိအမှတ်ပြုလွှာပြုလုပ်ပြီးမှသာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ လိုင်စင်များပြုလုပ်ပေးလျက်ရှိပါသဖြင့် မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် (အောင်ဆန်းကွင်း)သို့ အသိအမှတ်ပြုလွှာများ လာရောက်လဲလှယ်ကြရန် ဖြစ်ကြောင်းသိရှိရသည်။ (အဖွဲ့ချုပ်)

တွေ့မရှောင်နှင့် ဖိုးကေတို့ တတိယအကြိမ်တွေ့ဆုံမှုကြောင့် စိတ်ဝင်စားမှုပိုစေသည့် မြန်မာ့ရိုးရာလက်ဝှေ့အထူးစိန်ခေါ်ပွဲကြီး

ရန်ကုန် ဧပြီ ၅

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ VICTORY Myanmar Group Co., Ltd နှင့် T& T Group တို့ တာဝန်ယူစီစဉ်သည့် MANDALAY CHALLENGE RUMBLING မြန်မာ့ရိုးရာလက်ဝှေ့ အထူးစိန်ခေါ်ပွဲကြီးကို ဧပြီ ၇ ရက်(စနေနေ့)မွန်းလွဲ ၂ နာရီမှစတင်၍ သိမ်ဖြူအားကစားခန်းမ၌ ကျင်းပမည် ဖြစ်သည်။

ယခုပွဲသည် ဇန်နဝါရီလက သုဝဏ္ဏပြိုင်ပွဲရုံ၌ ကျင်းပခဲ့သော စတုတ္ထအကြိမ် ဒဂုံရွှေအောင်လံ ဗိုလ်လုပွဲကြီး ပြီးသည့်နောက် ရန်ကုန်မြို့တွင် ပထမဆုံးပြန်လည်ကျင်းပသောပွဲဖြစ်၍ ပရိသတ်များ စိတ်ဝင်စားမှုရှိနေကြသည်။ အထူးသဖြင့် နောက်ဆုံးစိန်ခေါ်ပွဲကြီး ယှဉ်ပြိုင်ထိုးသတ်ကြမည့် တွေ့မရှောင်(နဂါးမာန်)နှင့် ဖိုးကေ(မန္တလေး)တို့ တတိယအကြိမ်တွေ့ဆုံမည့်ပွဲကို ပိုမိုစိတ်ဝင်စားလျက်ရှိကြသည်။ ၎င်းတို့နှစ်ဦးသည် ၂၀၀၉ ခုနှစ် ဒီဇင်ဘာလက ကျင်းပခဲ့သော ဒုတိယအကြိမ် ဒဂုံရွှေအောင်လံပြိုင်ပွဲကြီး ဆီမီးဖိုင်နယ်ပွဲစဉ်၌ ပထမဆုံး အကြိမ်တွေ့ဆုံခဲ့ကြသေးသည်။ အဆိုပါပွဲတွင် ဖိုးကေ၏ အားပါသောညာဝိုက်လက်သီးက ဒုတိယအချီ ၃၂ စက္ကန့်၌ တွေ့မရှောင်ကို ကြမ်းပြင်ပေါ်သို့ လဲကျစေခဲ့ပြီး အနားတောင်းစေခဲ့သည်။ အရပ်မြင့်ပြီး ကိုယ်အလေးချိန်လည်းစီးသော ဖိုးကေကို တွေ့မရှောင်က လက်သီးချင်းဆိုင်၊ အားချင်းပြိုင်ဖို့ကြိုးစားခဲ့ရာ အားချင်းကွာသည့်အတွက် ထောင့်ပိတ်အထိုးခံရခြင်းမျိုးဖြစ်ခဲ့ပြီး တွေ့မရှောင်အထိနာခဲ့သည်။ သို့ရာတွင် တွေ့မရှောင်က (၅)ချီပြည့်အောင် အသည်းချင်းပေါက်၍ ယှဉ်ပြိုင်ထိုးသတ်ခဲ့ခြင်းကြောင့် ဆယ်စုနှစ်အတွင်း အကောင်းဆုံးပွဲကြီး တစ်ပွဲအဖြစ် ပရိသတ်များမှတ်ချက်ပြုခဲ့ကြသည်။ ပွဲအပြီးတွင် ဖိုးကေက အမှတ်ပေးဒိုင် ငါးဦးစလုံး၏ အနိုင်ပေးမှုကို ရရှိသွားခဲ့သည်။ ၎င်းပွဲနှင့် တစ်လအကွာ မွန်ပြည်နယ် လမိုင်းမြို့ နှစ်ကရင်ကျေးရွာ ဘုန်းတော်ကြီးပျံပွဲတွင် ဖိုးကေနှင့် တွေ့မရှောင်တို့ ဒုတိယအကြိမ် ရင်ဆိုင်ထိုးသတ်ကြပြန်သည်။ အဆိုပါပွဲတွင် တွေ့မရှောင်က ပထမပွဲမှ အမှားများကို သင်ခန်းစာယူ၍ နည်းဗျူဟာပြောင်းလဲထိုးသတ်ခဲ့သည့်အတွက် ဖိုးကေ ထင်တိုင်းမပေါက်ခဲ့ဘဲ သရေပွဲဖြစ်ခဲ့သည်။ သို့ရာတွင် စတုတ္ထအချိန်၌ တွေ့မရှောင်၏ ခေါင်းတိုက်ချက်ကို ဖိုးကေက ခေါင်းတိုက်ချက်ဖြင့်ပင်တုံ့ပြန်ခဲ့ရာ ဖိုးကေ၏ ချိုစောင်းနှင့် တွေ့မရှောင်၏ နားထင်ဆောင့်မိသဖြင့် တွေ့မရှောင်မူးဝေသွားကာ အနားတောင်းခဲ့ရသေးသည်။

သို့ဖြစ်၍ တွေ့မရှောင်သည် ဖိုးကေနှင့် နှစ်ကြိမ်တွေ့ခဲ့ရာ၌ အမှတ်ဖြင့် ရှုံးပွဲတစ်ပွဲရှိခဲ့ပြီး အနားတောင်း နှစ်ကြိမ်ရှိခဲ့သည်။ ထိုမှတ်တမ်းကို အလဲထိုးနိုင်ပွဲယူကာ ပယ်ဖျက်လိုသောဆန္ဒဖြင့် တွေ့မရှောင်က ယခုပွဲ၌ ဖိုးကေကို စိန်ခေါ်ထိုးသတ်လာခြင်းဖြစ်သည်ဟု စီစဉ်သူ ဦးစိုးသန်းဝင်းက ပြောကြားသည်။ မြန်မာ့ရိုးရာလက်ဝှေ့ပရိသတ်များကလည်း တွေ့မရှောင်၏ မကျေပွဲထိုးသတ်မည့် အနေအထားကို စိတ်ဝင်စားလျက်ရှိနေကြသည်။ ၎င်းတို့ပွဲမတိုင်မီ ရှေ့ထွက်အဖြစ် စောဂပရေမှူး(T&T)နှင့် ဝဏ္ဏ(အဖြူရောင်သွေးသစ်)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ ဝဏ္ဏသည် ပထမတန်းချန်ပီယံ လုံးချောကြီးကို စိန်ခေါ်ထိုးသတ်ခဲ့ဖူးသူဖြစ်သည်။ စောဂပရေမှူးကလည်း ဖိုးကေကိုပင် အလဲထိုးနိုင်ပွဲရခဲ့ဖူးသည်။ ၎င်းတို့နှစ်ဦး၏ ပထမဆုံးတွေ့ဆုံမှုကလည်း စိတ်ဝင်စားဖွယ်ဖြစ်နေသည်။ ထို့အပြင် စောဂေါ်မူထို(T&T)နှင့် မြလင်းအောင်(ရွှေကုက္ကို)၊ ပဲပြားမောင်မောင် (ရွှေကုက္ကို)နှင့် ဖိုးသားကြီး (မန္တလေး)တို့ ပွဲများက သရေထက် အဖြေထွက်နိုင်သောပွဲများဟု ရိုးရာလက်ဝှေ့ကျွမ်း ကျင်သူများက သုံးသပ်ထားကြသည်။ စောဂေါ်မူထိုနှင့် မြလင်းအောင်တို့နှစ်ဦးစလုံး ပွဲသိမ်းလက်သီးပိုင်ရှင်များဖြစ်ကြပြီး သူမလဲကိုယ်လဲ ဖွင့်ထိုးလေ့ရှိကြသောကြောင့် ဖြစ်သည်။ KLN ရိုးရာလက်ဝှေ့အဖွဲ့ နာမည်ကျော်ခဲ့စဉ်က အားကိုးရသည့်လက်ဝှေ့သမားများဖြစ်သော ထစ်ချုံး(နဂါးမာန်)နှင့် ရွှေဖလား(နဂါးမာန်)တို့လည်း ယခုပွဲ၌ အားဖြည့်ပါဝင်သည်။ ထစ်ချုံးက လှစ်လှစ်လေး (အဖြူရောင်သွေးသစ်)နှင့် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး၊ ရွှေဖလားက ကြယ်စင်ဖြိုး (အဖြူရောင်သွေးသစ်)နှင့် ထိုးသတ်မည်ဖြစ်သည်။ ရှေ့ထွက်(၃)ချီပွဲများ အဖြစ် စောအယ်လေး(T&T)နှင့် ခွန်ကျော်ထက်(ရက္ခမဏ္ဍိုင်)၊ စောဆဲဦး(T&T)နှင့် မိုးကောင်းကင်(ရက္ခမဏ္ဍိုင်)၊ အားမာန်(T&T)နှင့် စောလောကွာထူး(ရွှေကုက္ကို) တို့တွဲဆိုင်းများ ပါဝင်သည်။

အဆိုပါပွဲများကို မည်သည့် ရုပ်သံလိုင်းကမှ တိုက်ရိုက်နှင့် နောက်ကျထုတ်လွှင့်မှုမျိုး ပြုလုပ်မည်မဟုတ်ဘဲ အထူးတန်းဝင်ကြေး ငွေကျပ် ၁၂၀၀၀ သတ်မှတ်ထားပြီး ရိုးရိုးတန်းဝင်ကြေး ငွေကျပ် ၇၀၀၀ သတ်မှတ်ထားသည်။

သတင်းနှင့်ဓာတ်ပုံ - ဇင်လင်းထွန်း

ချန်ပီယံလိဂ်ကွာတားဖိုင်နယ် (ဒုတိယအကျော့) အနိုင်/အရှုံးရလဒ်များ				
၅ - ၄ - ၂၀၁၂				
ချယ်လ်ဆီး	၂	-	၁	ဘင်ဖီကာ
ရီးယဲလ်မက်ဒရစ်	၅	-	၂	အေပိုးလ်

အခြေခံမီးသတ်သင်တန်းဆင်းပွဲကျင်းပ

တောင်ငူ ဧပြီ ၅

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အမှတ်(၁၁)ရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့အကြို အခြေခံမီးသတ်သင်တန်းအမှတ်စဉ်(၂/၂၀၁၂)သင်တန်းဆင်းပွဲကို မတ် ၂၅ ရက်က ကန်တော် အမကကျောင်းခန်းမ၌ ကျင်းပရာ သဘာပတိ တောင်ငူမြို့နယ် မီးဘေးအန္တရာယ်ကာကွယ်ရေးအထောက်အကူပြုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးရဲမြင့်(ပွဲရုံလုပ်ငန်း)၊ အထောက်အကူပြုကော်မတီနာယက ဦးကျော်လှ(သမာဓိ)၊ ရပ်မိရပ်ဖ ဦးမြင့်သူ(နန်းသူဇာပဲလှော်)နှင့် ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးထင်အောင်လင်းတို့က သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ဆက်လက်၍ မီးသတ်တပ်ဖွဲ့ဝင်များအား သင်တန်းဆင်းလက်မှတ်များနှင့် မီးသတ်တူညီဝတ်စုံများကို နာယက ဒုတိယဥက္ကဋ္ဌ၊ ရပ်မိ ရပ်ဖ၊ ခရိုင်မီးသတ်ဦးစီးအရာရှိနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က အသီးသီးပေးအပ်ကြပြီး မီးသတ်သင်တန်းသားများက မီးသတ်စက်ကြီး၊ စက်ကလေးများဖြင့် မီးငြိမ်းသတ်နည်း သရုပ်ပြခြင်းများကို လက်တွေ့ပြုလုပ်ပြသကြသည်။(၁၂၉)

အဂူရိုအား ရီးယဲလ်မက်ဒရစ်နှင့် စာချုပ်ချုပ်ဆိုရန် မာရာဒိုနာပြောကြား

မက်ဒရစ် ဧပြီ ၅

မန်စီးတီးတိုက်စစ်မှူး ဆာဂျီရိုကွန်အဂူရို**(ယာပုံ)**အား ရီးယဲလ်မက်ဒရစ်အသင်းနှင့် စာချုပ်ချုပ်ဆိုရမည်ဟု အဂူရို၏ ယောက္ခမဖြစ်သူ မာရာဒိုနာက ပြောကြားခဲ့ကြောင်း အင်တာနက်အားကစား သတင်းတစ်ရပ်က ဖော်ပြထားသည်။

အဂူရိုသည် ယခုနှစ်ဘောလုံးရာသီအတွင်း မန်စီးတီးအသင်းအတွက် အကောင်းဆုံးပုံစံဖြင့် ကစားနိုင်ခဲ့သူဖြစ်သည်။ မာရာဒိုနာကမူ သူ၏သမက်ဖြစ်သည့် အဂူရိုအား ရီးယဲလ်မက်ဒရစ်အသင်းနှင့် စာချုပ်ချုပ်ဆိုကာ မက်ဒရစ်မြို့သို့ ပြန်လာရမည်ဖြစ်ကြောင်း မာရာဒိုနာက အာဂျင်တီးနား အသံလွှင့်ဌာနတစ်ခုသို့ ပြောကြားခဲ့သည်။

အဂူရိုသည် လက်ရှိကာလပ် မန်စီးတီးတွင် ခြေစွမ်းပြကစားလျက်ရှိသော်လည်း ရီးယဲလ်မက်ဒရစ်အသင်းနှင့် စာချုပ်ချုပ်ဆိုခြင်းမှာ အကောင်းဆုံးဖြစ်လာနိုင်မည်ဖြစ်ကြောင်း မာရာဒိုနာက ပြောကြားခဲ့သည်။

သို့သော် ရီးယဲလ်မက်ဒရစ်အနေဖြင့် အဂူရိုမှာ မန်စီးတီးအသင်းတွင် ခြေစွမ်းပြကစားလျက်ရှိခြင်းကြောင့် မန်စီးတီးအသင်းမှ ၎င်းကို ရရှိရေးမှာ အခက်အခဲရှိလိမ့်မည် ဟုဆိုသည်။ ထို့ပြင် ရီးယဲလ်မက်ဒရစ်အသင်းမှာ ယခုနှစ်နွေရာသီတွင် ကစားသမားသစ်ခေါ်ယူမှုများ လုပ်ဆောင်မည်ဖြစ်ရာ အဂူရိုအားခေါ်ယူရေးနှင့် ပတ်သက်၍ မန်စီးတီးအသင်းသို့ ချဉ်းကပ်လာဖွယ်ရှိကြောင်း စပိန်အသင်းဌာနများက အခိုင်အမာ ပြောကြားလိုက်သည်။

ရီးယဲလ်မက်ဒရစ်အနေဖြင့်လည်း အဂူရိုအား ပေါင် ၁၀ သန်းဖြင့်ခေါ်ယူရန် ဆန္ဒရှိနေကြောင်း သတင်းများလည်း ထွက်ပေါ်လာသည်။ ***အင်တာနက်။***

နိုင်လင်းကြည်

အာဆင်နယ်၏ အဓိက ကစားသမားဖြစ်လာသည်ကို ဗန်ပါစီဝန်ခံ

လန်ဒန် ဧပြီ ၅

အာဆင်နယ်တိုက်စစ်မှူး ရော်ဘင်ဗန်ပါစီ**(အောက်ယာပုံ)**သည် တိုဂိုတိုက်စစ်မှူး အန်မန်နျူရယ်အဒီဘာယော ထွက်ခွာသွားပြီးနောက် အာဆင်နယ်၏ မရှိမဖြစ်သော ကစားသမားတစ်ဦး ဖြစ်လာခဲ့သည်ဆိုသည့်စကားကို ဝန်ခံခဲ့သည်။

အသက်အရွယ်အရငယ်သေးသော ဒတ်ချ်နိုင်ငံသား အာဆင်နယ်တိုက်စစ်မှူး ဗန်ပါစီသည် ၂၀၁၁ခုနှစ် နှစ်စမှ ဘောလုံးရာသီတစ်လျှောက် ဂိုးပေါင်း ၅၄ ဂိုးသွင်းထားသူဖြစ်ပြီး ကမ္ဘာ့ဘောလုံးလောကတွင် အောင်မြင်မှုလျင်မြန်စွာ ရရှိလာသူဟုပင် တင်စားထားကြသည်။

ဗန်ပါစီသည် အာဆင်နယ်အသင်းတွင် အရန်တိုက်စစ်မှူးတစ်ဦးအဖြစ် ပါဝင်ကစားရန် မျှော်လင့်ထားခဲ့ကြောင်းနှင့် အသင်း၏ အဓိကတိုက်စစ်မှူး ဖြစ်လာမည်ကို တွေးပင်မတွေးမိကြောင်း ဗန်ပါစီက ပြောကြားခဲ့သည်။

အာဆင်နယ်တိုက်စစ်မှူး ရော်ဘင်ဗန်ပါစီက ၎င်း၏ ပထမပွဲထွက် ငါးပွဲခြောက်ပွဲတွင် အရန်ကစားသမားအဖြစ်သာ ကစားခဲ့ရကြောင်းနှင့် အသင်းအတွက် နောက်ထပ်ဂိုးများ ရယူပေးရန် လိုအပ်နေသေးကြောင်း ၎င်းက ပြောကြားခဲ့သည်။ ***အင်တာနက်။***

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကမ္ဘောဒီးယားနိုင်ငံဘုရင်က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်

နေပြည်တော် ဧပြီ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဧပြီ ၃ ရက် ည ၇ နာရီတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ Royal Palace ၌ ကမ္ဘောဒီးယားနိုင်ငံဘုရင် ပရယ် ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

အဆိုပါ ညစာစားပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ်ဘိုကီးယား မူအစ်ဇာဒင် ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက် ဟွန်ဆန်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတ ဒေါက်တာ ဘူဒီအိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာသွန်ဆင်းသမာဗောင်၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီ မိုဟာမက် နာဂျစ် ဘင်တွန်း ဟာဂျီ အဗ္ဗဒူရာဇတ်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘီနင်နိုအကွီနို၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်း၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စ ရင်လတ်ရှင်နာဝပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတ နိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်း၊ အာဆီယံနိုင်ငံ များမှ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ် ဆူဝမ်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ညနေ ၆ နာရီခွဲတွင် အာဆီယံနိုင်ငံများမှ နိုင်ငံ အကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် Royal Palace သို့ ရောက်ရှိလာကြရာ ကမ္ဘောဒီးယားနိုင်ငံ ဘုရင် ပရယ် ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီက ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံဘုရင် ပရယ် ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီက အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများအား လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲအပြီးတွင် ကမ္ဘောဒီးယားဘုရင်နှင့်အတူ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများသည် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် ကမ္ဘောဒီးယားယဉ်ကျေးမှု အဖွဲ့က နှစ်နိုင်ငံ ယဉ်ကျေးမှုအကပဒေသာများနှင့် တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

(သတင်းစဉ်)

ညစာစားပွဲသို့ တက်ရောက်လာသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ကမ္ဘောဒီးယားနိုင်ငံဘုရင် ပရယ် ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီက ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အကြိမ်(၂၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် ဧပြီ ၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပသည့် အကြိမ်(၂၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ ပြန်လည်ထွက်ခွာရန် ဧပြီ ၄ ရက် မွန်းလွဲပိုင်းတွင် ခေတ္တတည်းခိုသည့် ဖနောင်ပင်မြို့ရှိ Cambodiana ဟိုတယ်မှ ဖနောင်ပင်အပြည်ပြည် ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ကမ္ဘောဒီးယား နိုင်ငံ ပညာရေး၊ လူငယ်နှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး H.E. Mr.Im Sethy၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး H.E. Ms. SUN Saphoeun နှင့်

စာမျက်နှာ ၉ ကော်လံ ၂ သို့ ❍

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဖနောင်ပင်မြို့ရှိ ဖနောင်ပင်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

ယနေ့ သတင်းအညွှန်း

လူနေမှုအဆင့်အတန်း၊ အရည်အသွေးမြှင့်တင်ရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အလေးထားဆောင်ရွက်လျက်ရှိ

ပြည်တွင်းသတင်း စာမျက်နှာ ၃

နိုင်ငံတကာအတွေ့အကြုံရှိသည့် ရေနံကုမ္ပဏီများနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် လက်မှတ်ရေးထိုး

ပြည်တွင်းသတင်း စာမျက်နှာ ၂

ဂျပန်၌ မုန်တိုင်းတိုက်ခတ်ပြီး မိုးသည်းထန် လူ လေးဦး သေဆုံးပြီး လေယာဉ်ခရီးစဉ်များ ရပ်ဆိုင်း

နိုင်ငံတကာသတင်း စာမျက်နှာ ၄